ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (14-4-2005) (၄၅၆၈)

နာမည်ကောင်းရရှိအောင်ကြိုးပမ်းစီစဉ်

* မိမိ စက်မှုဇုန်က ထုတ်လုပ်သည့် ပစ္စည်းများသည် အရည်အသွေးကောင်းသည့် ပစ္စည်းများဖြစ်သည်ဟု နာမည်ကောင်း ရရှိအောင် ကြိုးပမ်းစီစဉ်။
* နောင်၌ အခြား ကျန်ရှိသော စက်မှုဇုန်များကိုလည်း ခေတ်မီစက်ကိရိယာ အမျိုးအစားများ တပ်ဆင်သွားနိုင်အောင် ဆက်လက်ပံ့ပိုးသွားမည်။



စက်မှုဇုန်များကို ပန်းပဲပိုအဆင့်မှ ခေတ်မီ စက်ကိရိယာသုံးစွဲသည့် အဆင့်ရောက်အောင် မိမိတို့အနေဖြင့် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ပြုလုပ်၍ အဆင့်မြှင့်တင်ပေးလျက်ရှိ ခေတ်မီသံရည်ကျိုစက်ရုံအချင်းချင်း ယှဉ်ပြိုင်မှုဖြင့် အရည်အသွေးရှိရှိကြိုးပမ်းလုပ်ကိုင်

ရန်ကုန်　　ဧပြီ　　၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သံရည်ကျိုစက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် သံရည်ကျိုစက်ရုံစီမံကိန်းတွင် ပါဝင်သည့် အလုပ်ရုံများနှင့် အလုပ်ရုံအလိုက် တည်ဆောက်ပြီးစီးသည့် အခြေအနေများ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သံရည်ကျိုစက်ရုံတည်ဆောက်ရေး စီမံကိန်းတွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄-၄-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ

လျှပ်စစ်စွမ်းအားအခြေခံများသတ်မှတ်ချိန်အတွင်းပြီးစီးရေးကြိုးပမ်း

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို စတင်ယူခဲ့ရစဉ်ကစ၍ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ခံယူလျက် ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဟူသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်ကို နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်။

ထို့ကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလမှစပြီး နိုင်ငံတော်သည် အစစအရာရာ အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။ ထိုသို့တိုးတက်ပြောင်းလဲရာတွင် မြို့ပြများသာမက ကျေးလက်ဒေသများပါ နေထိုင်သုံးစွဲမှု ပုံသဏ္ဍာန်ပြောင်းလဲလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာလျက်ရှိသည်။

နိုင်ငံတော်တွင် စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ တိုးတက်များပြားလာသည့်အပြင် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် သိသာစွာ မြင့်မားလာနေသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်သည့် သဖန်းဆိပ်စက်ရုံ၊ ၇၅မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် မုန်းစက်ရုံနှင့် မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်သည့် ပေါင်းလောင်းစက်ရုံအသစ်တို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုတစ်ဖန် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်သည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ဧပြီလ ၁၂ ရက်နေ့က ဖွင့်လှစ်လိုက်သည်။

အဆိုပါ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက် ထူထောင်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ခေတ်မီလျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေး စီမံကိန်းများကို စီမံချက်ချ၍ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ မြို့ကြီးပြကြီးများ၊ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများအတွက်သာမက ကျေးလက်ဒေသများကိုပါ တိုးချဲ့၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ကျေးလက်ဒေသသုံး တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံငယ်များ၊ သဘာဝစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်စက်ရုံငယ်များကိုလည်း ဆက်လက်တိုးချဲ့ထူထောင် သွားကြရန်လိုအပ်ကြောင်း** ပြောကြားသွားသည်။

ယခုဖွင့်လှစ်လိုက်သည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတွင် မဂ္ဂါဝပ် ၆၀ စီဓာတ်အားထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း မဂ္ဂါဝပ် ၁၂၀ ဓာတ်အားထုတ်လုပ်ပေးမည်ဖြစ်သည်။ တာဘိုင် စက်နှစ်လုံးအနက် ပထမစက်တစ်လုံးကို ၂၀၀၄ ခုနှစ်အတွင်း တပ်ဆင်ပြီးစီးပြီးဖြစ်သဖြင့် ယခုအခါ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်းကွန်ရက်နှင့် ချိတ်ဆက်လျက် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ကျန်တာဘိုင်စက်တစ်လုံးမှာလည်း စက်အစိတ်အပိုင်းများ အပြီးသတ်တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် လိုအပ်သည့် စမ်းသပ်မှုများပြုလုပ်ကာ ယခုလနောက်ဆုံးပတ်အတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအား အခြေခံများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး တည်ဆောက်အကောင်အထည်ဖော်စေလျက်ရှိရာ မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်အကျုံးဝင်သည့် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်အားရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ၅၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ၇၅ မဂ္ဂါဝပ်အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ အားရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀ အားရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ အားရှိသည့် ကွန်းချောင်းစီမံကိန်းနှင့် ၂၅ မဂ္ဂါဝပ်အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကိုလည်း အရှိန်အဟုန်ဖြင့် တစ်ပြိုင်တည်း ဖော်ဆောင်ပေးလျက်ရှိနေပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ ကြပ်မတ်လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် လျှပ်စစ်စွမ်းအားအခြေခံများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက အချိန်နှင့်တစ်ပြေးညီ ဖိဖိစီးစီး ကြိုးပမ်းဖော်ဆောင်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စူဠဘွဲ့နှင်းသဘင်နှင့် ယဉ်ကျေးမှုဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

(၂၄)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့် (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ဓမ္မာနန္ဒ လေးထပ်ကျောင်းဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်နှင့် ပုဇွန်တောင်မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာအောင်သံဃာတော်များ၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြပြီး စာအောင်သံဃာတော်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ဆက်ကပ်ချီးမြှင့်ကြသည်။ **(ဓာတ်ပုံ)**

(ကြေးမုံ)

သင်္ကြန်တွင်းအထူးတရားပွဲ

ကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်း အောင်မေတ္တာ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိစိတ္တာမာလာ အရှင်သူမြတ်သည် ၁၃၆၆ခု၊ တန်ခူးလဆန်း ၅၊ ၆၊ ၇၊ ၈၊ ၉ရက်များတွင် ဒဂုံမြို့သစ်မြောက်ပိုင်း (၃၇) ရပ်ကွက်၊ ကျက်သရေဆောင်ဓမ္မာရုံကြီး၌ ငါးရက်တရားစခန်းတွင် နေ့ပွဲအဖြစ်လည်းကောင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ် (၅)ရပ်ကွက်၊ ချမ်းမြေ့ဓမ္မာရုံကြီး၌ စုပေါင်း ဒုလ္လဘရဟန်းခံပွဲတွင် ညတရားပွဲအဖြစ် ငါးရက်တရားစခန်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်း ငါးရက်တရားစခန်း၌ နံနက်ပိုင်းတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သံဖြူဇရပ် ဆားပွင့်အားမာန် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၇ရက် နံနက် ၈ နာရီတွင် ပင‌ကျေးရွာ အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံအေးတို့က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် တန်ဖိုးငွေ ကျပ် ၃၃၅၉၀၀ ရှိ ပရိဘောဂများနှင့် သုတ၊ ရသစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၅၀၀ ကျော်ကို ကျေးရွာအတွင်းရှိ အလှူရှင်များက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြသည်။

ဖွင့်လှစ်

ဆက်လက်၍ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီ၊ ဆားလုပ်ငန်းမန်နေဂျာ ဦးကျော်လွင်တို့က “ဆားပွင့်အားမာန်” ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ “ဆားပွင့်အားမာန်” စာကြည့်တိုက်အတွက် အများပြည်သူကြည့်ရှုနားဆင်ရန် ငွေကျပ် ၁၅၅၀၀၀ တန်ဖိုးရှိ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို အလှူရှင် ဆားလုပ်ငန်းမန်နေဂျာ ဦးကျော်လွင်ကလည်းကောင်း၊ ငွေကျပ် ၁၉၈၀၀ တန်ဖိုးရှိ ရေဒီယိုကက်ဆက်တစ်လုံးကို အလှူရှင် ဆားလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးကိုကိုကြီးကလည်းကောင်း၊ ဆားလုပ်ငန်း ဝန်ထမ်းများက တိုင်ကပ်နာရီတစ်လုံးနှင့် သုတ၊ ရသစာအုပ် ၄၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင်အသင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ရေအကျိုးဆယ်ပါးအတွက် ဥဒကဒါနရေအလှူဒါနများကို ဖော်ညွှန်းသော “ရေချမ်းစင်ယဉ်ကျေးမှု” ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ပူးတွဲကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲဝင် ၈လက်မ x ၁၂လက်မအရွယ် ရောင်စုံဓာတ်ပုံများကို မေ ၆ရက် ညနေ ၄နာရီခွဲနောက်ဆုံးထား၍ ပုံအရေအတွက် အကန့်အသတ်မရှိ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ် ၂၇/၂၉၊ ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၃၁၆၇သို့ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မှတ်တမ်းအဖြစ် သိမ်းထားမည်ဖြစ်သည်။

ဓာတ်ပုံပညာရှင်များ အကဲဖြတ်အဖွဲ့က ရွေးချယ်ဆုံးဖြတ်ပြီးနောက် ပထမဆုအနည်းဆုံးငွေ ကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ် ၇၀၀၀၀၊ တတိယဆုငွေကျပ် ၃၀၀၀၀၊ အထူးဆုငါးဆု ငွေကျပ် ၂၀၀၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။(သတင်းစဉ်)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းလေးထောင့်ကန် (စံပြကျေးရွာ)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၀ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အဋ္ဌမတန်း(က)မှ မောင်သူရလှဝင်းကို သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဧပြီ ၁၂ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ရောက်ရှိကြပြီး အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များနှင့်အတူ နံနက်၁၀နာရီ၄၅မိနစ်တွင် အင်းလေးဖောင်တော်ဦး ဘုရားသို့ ရောက်ရှိကြပြီး ရှေးဦးစွာ အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များအား ဆွမ်း၊သစ်သီး၊ဆီမီး၊ပန်း၊ရေချမ်းတို့ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦးရုပ်ပွားတော်များအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ စုပေါင်းလှူဒါန်းငွေများကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စိန်နှင့်မြကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမုဒနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော် ဘဒ္ဒန္တကုမုဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များအတွက် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သင်္ကြန်မိုးနှယ် သွန်းဖြိုးမေတ္တာ

ကေတုနီလာ

(၁)

☆ ကာလပျိုမျစ်၊ နုသစ်သမယ၊
သင်္ကြန်ကျပြီ၊ မြန်မာ့ရိုးရာ၊
စဉ်လာမပျက်၊ ရေတွေပက်ကြ၊
ပွင့်ခက်ပိတောက်၊ ရွှေရည်သောက်၍၊
ကြိုင်လှောက်ရနံ့၊ သင်းပျံ့ပျံ့မွှေး၊
ရင်ဝယ်အေးစွ၊
ကလို့မဆုံး၊ အပြုံးအရယ်၊
ယှက်နွှယ်ပေါင်းကူး၊ ကြည်နူးရွှင်ပျ၊
ပျော်မောစွတည့်၊ မြန်မာ့သင်္ကြန်၊
အခြေခံစစ်၊ ဖြစ်တည်အလှ၊
ငြိမ်းချမ်းစွ။

(၂)

☆ သင်္ကရာဇ်ဟောင်း၊ ပြောင်းလဲစွန့်ပစ်၊
နှစ်သစ်ကိုဝင်၊ ပုံရိပ်ထင်ပြီ၊
ချစ်ခင်ရင်းနှီး၊ ပေါင်းစည်းသင်္ကေတ၊
အလှညီညွှတ်ရေး၊ သင်္ကြန်တေးတွေ၊
ဆိုကြလေ၍၊ ဒို့မြေအတွင်း၊
ငြိမ်းချမ်းခြင်းကို၊ ညွှန်းဆိုဖော်ပြ၊
ဘဝဖွံ့ဖြိုး၊ တိုးတက်ခေတ်မီ၊
ပြည်သစ်တည်ရန်၊ ညီညာစည်းရုံး၊
နိုင်ငံလုံးက၊ ကြိုးပမ်းကြမည်၊
ယုံကြည်အဓိဋ္ဌာန်၊ ကြွေးကြော်သံဖြင့်၊
သင်္ကြန်အလှ၊ ထုဆစ်ကြသည်၊
မြန်မာ့အင်အား၊ ကမ္ဘာကြားစေ၊
အေးမြလေစွ၊
ထိရှရင်ထဲ၊ လှုပ်ခတ်ဆဲပင်၊
ဆင်နွှဲပြည်သူ၊ ဖြူစင်သဘော၊
မနောမွန်မြတ်၊ ထင်ဟပ်ဖော်ကျူး၊
နှစ်သစ်ဦးတွင်၊ ဖူးပွင့်နေသောအလှများ။

(၃)

☆ သင်္ကြန်အလှ၊ ငြိမ်းချမ်းစွတည့်၊
မြန်မာ့ယဉ်ကျေးမှု၊ ထုထည်ကျစ်လျစ်၊
နှစ်ပေါင်းများစွာ၊ ရှင်သန်လာခဲ့၊
ရိုးရာဓလေ့၊ မမေ့စရိုက်၊
သိုက်သိုက်ဝန်းဝန်း၊ ပြွမ်းပြွမ်းတီးတီး၊
ရင်းနှီးပျော်ရွှင်၊ ရေသဘင်ပွဲ၊
ဆင်နွှဲမပြတ်၊ မွန်မြတ်စဉ်လာ၊
ထိန်းသိမ်းစွာဖြင့်၊ မြန်မာဟူသည်၊
ဖြူစင်စိတ်ရင်း၊ သန့်ရှင်းကြည်လင်၊
အစဉ်ထာဝရ၊ ရှိနေကြကြောင်း၊
သွန်းလောင်းအတာရေ၊ သက်သေတင်စား၊
နှလုံးသားမှ၊ ခံစားရမည်၊
အေးမြစမ်းရေပမာတည်း။

(၄)

☆ သင်္ကြန်ဝိညာဉ်၊ ရှင်သန်မပြတ်၊
ရုပ်တန့်မရှိ၊ ပကတိရင်းမြစ်၊
ဓမ္မစစ်သည်၊ ဖြစ်တည်ပြောင်းလဲ၊
အဟောင်းထဲမှ၊ ဘဝအသစ်၊
ပျိုမျစ်ကာလ၊ မွေးဖွားရသည်၊
အလှထုဆစ်၊ အနှစ်သာရ၊
သိမြင်ကြလျှင်၊ မြန်မာ့လူ့ဘောင်၊
ကောင်းကျိုးဆောင်ပြီး၊ အမှောင်ကိုခွင်း၊
အလင်းရှေးရှု၊ လူမှုဝန်းကျင်၊
သန့်စင်စေရန်၊ သင်္ကြန်မိုးနှယ်၊
သွန်းဖြိုးမေတ္တာ၊ သိမ့်သိမ့်ဖြာ၍၊
ရွာပါလေတော့၊ ရွာလေတော့။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၀၅ (ကြာသပတေးနေ့)

(သင်္ကြန်အကျနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ခါသင်္ကြန်အဆို၊အကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ ဆယ်စုနှစ်က ခါသင်္ကြန် (ဝင်းဦး)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use
၄:၄၅ ၄။ ခါသင်္ကြန်အဆို၊အကများ
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ဓာတုဗေဒ အထူးပြုများ)(ဓာတုဗေဒ)**
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၅ ၇။ **မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့ (လူမင်း၊ သုသုဟံသာ၊ အိမ်အိမ်း) [ဒါရိုက်တာ-သက်တင်]**
၅:၅၅ ၈။ ခါသင်္ကြန်အဆို၊အကများ
၆:၁၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ ခါသင်္ကြန်အဆို၊အကများ
၇:၁၅ ၁၃။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၇:၃၀ ၁၄။ ခါသင်္ကြန်အဆို၊အကများ
၇:၄၅ ၁၅။ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာရုပ်ရှင် "ယောက်ခမဆိုတာ တစ်ခါတုန်းကသမက်ပါပဲ" (ကျော်သူ၊ရန်အောင်၊လွင်မိုး၊ မို့မို့မြင့်အောင်၊ မေသဥ္ဇာဦး၊ နိုင်သင်းကြည်) [ဒါရိုက်တာ-မောင်မျိုးမင်း]**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ထူးခြားသည့် နေ့အပူချိန်များ

၁၃-၄-၂၀၀၅

မင်းဘူးနှင့် မကွေး
၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

မြင်းခြံနှင့် မုံရွာ
၄၂ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

နည်းပညာသစ်နှင့် ခေတ်မီစီးပွားရေး ကျင့်စဉ်များမှတစ်ဆင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရန် အိန္ဒိယခေါင်းဆောင်တိုက်တွန်း

နယူးဒေလီ ဧပြီ ၁၂

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ဒုတိယ မြစိမ်းရောင်တော်လှန်ရေး ပေါ်ထွန်းလာရေးအတွက် စက်မှုလုပ်ငန်းများက ကြိုးပမ်းလုပ်ဆောင်ကြရန် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

လိုအပ်

နည်းပညာသစ်များနှင့် ခေတ်မီတိုးတက်သော စီးပွားရေးလုပ်ငန်း ကျင့်စဉ်များအပေါ် အခြေခံလျက် လယ်ယာစိုက်ပျိုးရေး နယ်ပယ်တွင် ဒုတိယ မြစိမ်းရောင် တော်လှန်ရေး ပေါ်ထွန်းလာရန် လိုအပ်ကြောင်း၊ နည်းပညာသစ်များအရ တောင်သူလယ်သမားများအား နည်းပညာအရ ရွေးချယ်နိုင်ခွင့်ကို ပေးစွမ်းမည်ဖြစ်ပြီး ရောင်းလိုအားထက် ဝယ်လိုအားပေါ်တွင် အခြေခံသည့် စိုက်ပျိုးရေးထွက်ကုန်စီမံကိန်းများကို ချမှတ်နိုင်စေမည်ဖြစ်ကြောင်း ဆင်းကပြောကြားသည်။

အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများ အဖွဲ့ချုပ်နှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနတို့ ပူးတွဲကျင်းပသည့် ၂၀၀၅ ခုနှစ် လယ်ယာစိုက်ပျိုးရေး ဆွေးနွေးပွဲတွင် မိန့်ခွန်း ပြောကြားရာ၌ ဆင်းက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကာလရှည်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပေါ်လာစေရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အခြေခံမှုများမှာ အားနည်းနေဆဲဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံကို ဝန်ကြီးချုပ်ကအလေးအနက်ပြု ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း မိုဆူးလ်မြို့တွင် ဧပြီ ၉ရက်က ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ- အင်တာနက်)

ရေနံချက်စက်ရုံသစ်တည်ဆောက်ရန် ဆော်ဒီအရမ်ကို ကုမ္ပဏီစီစဉ်

အာဘူဒါဘီ ဧပြီ ၁၁

ကမ္ဘာပေါ်ရှိ ရေနံထုတ်လုပ်ရေးကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သည့် ဆော်ဒီအရမ်ကို ကုမ္ပဏီသည် ပြည်ပသို့ ရေနံတင်ပို့သည့် လုပ်ငန်းအတွက် အထောက်အကူပြုနိုင်စေရန် ရေနံချက်စက်ရုံ တစ်ရုံကို ဆောက်လုပ်ရန် စီစဉ်လျက် ရှိကြောင်း၊ ပင်လယ်နီ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ယန်ဘူမြို့တွင် တည်ဆောက်မည့် အဆိုပါ ရေနံချက်စက်ရုံသည် တစ်ရက်လျှင် ရေနံစည် ၄၀၀၀၀၀ ချက်လုပ်နိုင်စွမ်း ရှိမည်ဖြစ်ကြောင်း အာရပ် သတင်းအမည်ရှိ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

လိုအပ်

ဆော်ဒီအရမ်ကို ကုမ္ပဏီသည် ရေနံချက်စက်ရုံသစ် တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံမှ ငါးဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း အဆိုပါကုမ္ပဏီ၏ ရေနံချက်လုပ်ရေးဌာန ဒုတိယဥက္ကဋ္ဌ ခါလစ်အယ်လ်-ဘေနီးက ပြောကြားသည်။

ရေနံချက်စက်ရုံသစ် တည်ဆောက်ရေးအတွက် နိုင်ငံတကာကုမ္ပဏီတစ်ခု သို့မဟုတ် တစ်ခုထက်မကသော ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်း ထူထောင်ရန် မိမိတို့ လိုလားကြောင်း ဒူဘိုင်းတွင် ကျင်းပသည့် စွမ်းအင်ဆိုင်ရာ ညီလာခံ တစ်ရပ်သို့ တက်ရောက်နေသူ ခါလစ်က ပြောကြားသည်။

အထောက်အကူပြု

ယန်ဘူမြို့သည် မဟာဗျူဟာအရ အချက်အချာကျသည့် ဒေသတွင် တည်ရှိကြောင်း၊ ရေနံချက်စက်ရုံသစ်သည် အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းဒေသသို့ အရည်အသွေးမြင့်မားသော ဓာတ်ဆီပေးပို့ရန်အတွက် လည်းကောင်း၊ ဥရောပနိုင်ငံများသို့ ဆာလ်ဖာ(ကန့်)ပါဝင်မှုနှုန်း နည်းပါးသော ဒီဇယ်ဆီပေးပို့ရာတွင် လည်းကောင်း၊ အရှေ့အာရှဒေသသို့ နက်ဖ်သာအရည်တင်ပို့ရာတွင်လည်းကောင်း၊ အထောက်အကူပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***



ပါကစ္စတန်သမ္မတဖိလစ်ပိုင်နိုင်ငံသို့လာရောက်လည်ပတ်မည်

မနီလာ ဧပြီ ၁၂

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂေးလ်အာရိုယို၏ ဖိတ်ကြားချက်အရ ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်သည် ဧပြီ ၁၈ ရက်မှ ၂၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်မည် ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတနန်းတော်မှ ဧပြီ ၈ ရက်တွင် ကြေညာသည်။

ပါကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှစ၍ သံတမန်ဆက်သွယ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ရေတွက်လျှင် ယခုလာရောက်မည့် ပါကစ္စတန်သမ္မတ၏ အလည်အပတ်ခရီးသည် ယင်းနိုင်ငံအကြီးအကဲတစ်ဦး၏ ပထမဦးဆုံးသော ဖိလစ်ပိုင်ခရီးစဉ်ပင်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသို့ ပါကစ္စတန်နိုင်ငံ ခေါင်းဆောင်တစ်ဦးဖြစ်သော ဝန်ကြီးချုပ် ဘနာဇီယာဘူတိုသည် ၁၉၉၅ ခုနှစ်တွင် လာရောက်လည်ပတ်ခဲ့ဖူးသည်။

ပါကစ္စတန်သမ္မတ၏ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ထိုးကြမည်ဖြစ်သည်။ ထိုစာချုပ်များတွင် အကြမ်းဖက်မှုပူးပေါင်းဆန့်ကျင်ရေး သဘောတူညီချက်၊ တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့် ပူးတွဲစီးပွားရေးကောင်စီတစ်ရပ် ထူထောင်ရေးသဘောတူညီချက်များ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီဂျစ်တွင် ဗုံးပေါက်ကွဲ၊ အမေရိကန်တစ်ဦး သေဆုံး

ဝါရှင်တန် ဧပြီ ၁၂

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ခါအယ်လ်ခါလီလီအရပ်တွင် ကြာသပတေးနေ့က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီးနောက် သုံးဦးဒဏ်ရာရရှိသွားကြသည်ဆိုသော သတင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၉ရက်တွင် အတည်ပြုပြောကြားသည်။

သေဆုံးခဲ့ရသူမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် အီဂျစ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်တစ်ဦးဖြစ်သည်။ ဒဏ်ရာရရှိသွားသူ သုံးဦးမှာလည်း ခရီးသွားများအဖြစ် အီဂျစ်သို့ ရောက်နေကြစဉ် ထိခိုက်ကြရခြင်းဖြစ်သည်။ ထိုလူများအတွက် မိမိတို့ များစွာစာနာမိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက ပြောကြားသည်။

ဘောက်ချာ၏ ပြောကြားချက်အရ ထိုဗုံးခွဲမှုအတွင်း ဗုံးခွဲသူကိုယ်တိုင် အပါအဝင် လူသုံးဦးသေဆုံးသွားကြောင်း သိရသည်။ ထို့အပြင် နိုင်ငံခြားသားများနှင့် အီဂျစ်လူမျိုးများ ပါဝင်သော အခြားလူ ၂၀ တို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသေးသည်။ ယင်း တိုက်ခိုက်မှုမှာ ကိုင်ရိုမြို့ဟောင်းရှိ လဟာပြင်ဈေးအတွင်း၌ ဖြစ်ပွားခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ကျင့်မြို့ရှိ အထည်အလိပ်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အထည်အလိပ် ဝယ်ယူတင်သွင်းမှုကို ကန့်သတ်မည့် အမေရိကန်၏ ဆုံးဖြတ်ချက်ကို တရုတ်ကန့်ကွက်

ပေကျင်း ဧပြီ ၁၂

တရုတ်ပြည်မှအထည်အလိပ်ဝယ်ယူတင်သွင်းမှုအား ကန့်သတ်ရန် ရည်ရွယ်သည့် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်မည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို တရုတ်အစိုးရက အခိုင်အမာကန့်ကွက်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့်ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်းလဲမည်ဟု မျှော်လင့်ကြောင်းဖြင့် တရုတ် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပေကျင်းတွင် ကြာသပတေးနေ့က ပြောကြားလိုက်သည်။

တရုတ်ပြည်မှ ဝယ်ယူတင်သွင်းသည့် အထည်အလိပ်များကို အထူးကန့်သတ်မှုပြုလုပ်ခြင်းကြောင့်ကြီးမားသည့်ထိခိုက်မှုဆိုးကျိုးအပေါ် လွန်လွန်ကဲကဲခံစားနိုင်မှုကိုအမေရိကန်အစိုးရအနေဖြင့် အပြည့်အဝ အသိအမှတ်ပြုနိုင်မည်ဖြစ်ကြောင်း၊ ကန့်သတ်မှု ပြုလုပ်မှုနှင့်စပ်လျဉ်းသည့် ကိစ္စကို အသိရှိရှိ ပြန်လည် ဆင်ခြင်ထောက်ထားရန်နှင့် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်နေသည့် ဆုံးဖြတ်ချက်ကို ပြန်လည် ပြင်ဆင်ပေးမည်ဟု မိမိတို့ မျှော်လင့်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူ ချုံကွမ်က ပြောကြားသည်။

အမေရိကန်အစိုးရက တရုတ်ပြည်မှ တင်သွင်းသည့် ချည်ဘောင်းဘီများ၊ ချည်ထည်ဇာထိုးအင်္ကျီများ၊ ယောကျ်ားဝတ် အောက်ခံဘောင်းဘီများနှင့် ပတ်သက်၍ အထူးကန့်သတ်မည့် စုံစမ်းမှုများ ပြုလုပ်မည်ဟု တနင်္လာနေ့က ကြေညာခဲ့သည်။

အမေရိကန်အစိုးရက အမေရိကန်မှ ကုန်ပစ္စည်းထုတ်လုပ်သူများထံမှသဘောထားကို တောင်းခံခြင်းမရှိဘဲ ပဏာမစာရင်းဇယားများအပေါ် အခြေခံကာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ယင်းလုပ်ရပ်က အမေရိကန်မှ ပစ္စည်းထုတ်လုပ်သူများအား မှားယွင်းသည့်အချက်ပြမှုကို ပေးခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)ဝင် အခြားနိုင်ငံများအတွက် ဆိုးရွားသည့်သာဓကကိုထားခဲ့ခြင်းဖြစ်ကြောင်း ချုံက ပြောကြားသည်။

အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်သည် တရုတ်ပြည်က ဒဗလျူတီအိုသို့ ဝင်ရောက်မှုနှင့်ပတ်သက်သည့်စည်းကမ်းသတ်မှတ်ချက်နှင့်အမေရိကန်ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်လည်းဆန့်ကျင်ဖီလာဖြစ်နေကာ ဘက်စုံကုန်သွယ်ရေးကိုလည်း အန္တရာယ်ပြုလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူ မြေငလျင် သုတေသနဌာနတစ်ခု ထူထောင်ထားရှိရန်စီစဉ်

စင်ကာပူ ဧပြီ ၁၂

စင်ကာပူနိုင်ငံသည်မြေငလျင်သုတေသနနှင့်ဆူနာမီဘေး အန္တရာယ် လေ့လာရေးဌာနတစ်ခုကို တစ်နှစ်အတွင်း ထူထောင်ဖွင့်လှစ်သွားရန် ရည်ရွယ်ကြောင်း ချယ်နယ်နယူးစ်အေရှသတင်းက ဧပြီ ၈ ရက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

အခြေပြု

အသစ်ဖွင့်လှစ်မည့် သုတေသနဌာနကို လက်ရှိတည်နေပြီးဖြစ်သည့် ကြိုတင်ကာကွယ်ရေး အင်ဂျင်နီယာ နည်းပညာဓာတ်ခွဲခန်းကို အခြေပြု၍ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထိုဌာနသည် ဂျပန်ရှိ မြေငလျင် လေ့လာရေးဌာနပြီးလျှင် အာရှတိုက်တွင် ယင်းလုပ်ငန်းကို ဆောင်ရွက်နေသည့် အကြီးမားဆုံး ဓာတ်ခွဲသုတေသနဌာန ဖြစ်လာမည် ဖြစ်သည်။ ယင်းဌာနသည် ပင်လယ်အောက် မြေလွှာချပ်များ လှုပ်ရှားမှု၊ ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်မှု အခြေအနေ၊ မြေငလျင်ကြောင့် အဆောက်အအုံများအပေါ် သက်ရောက်မှုနှင့် အခြားသော အကြောင်းအရာများကိုလည်း လေ့လာသွားမည်ဟုဆိုသည်။

ပူးပေါင်းဆောင်ရွက်

အထက်ပါ လုပ်ငန်းအစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် မိုးလေဝသနှင့် ဇလဗေဒဌာန၊ စင်ကာပူအမျိုးသားတက္ကသိုလ်နှင့် နန်ယံ နည်းပညာတက္ကသိုလ်တို့ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းလုပ်ငန်း အစီအစဉ်သည် အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆူနာမီရေလှိုင်းအန္တရာယ် ကာကွယ်ရေး ကြိုတင်သတိပေးရေးဗဟိုဌာနထူထောင်မည့် လုပ်ငန်းကြီး၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

အရှေ့တောင်အာရှ ဒေသအတွင်း ပြီးခဲ့သောနှစ် ဒီဇင်ဘာ ၂၆ ရက်က ဆူနာမီ ငလျင်ဘေးကြီး ကျရောက်ခဲ့ရသည်။ ထိုဘေးဒုက္ခကြောင့် ဆူနာမီ ကြိုတင် သတိပေးရေး စနစ်တစ်ရပ် ထူထောင်ရန်အကြောင်း စီစဉ်ခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

☆ **ရှေ့ဖုံးမှ**

အလုပ်ရုံအလိုက် စက်ပစ္စည်းများရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှု၊ စက်အလိုက် စမ်းသပ်ဆောင်ရွက်မှု အခြေအနေများ၊ သံရည်ကျိုစက်ရုံ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး ဆောင်ရွက်ချက်များ၊ စီမံကိန်းအတွက် သင်တန်းသားများ စေလွှတ်ပညာသင်ယူစေမှုများ၊ ဝန်ထမ်းခန့်ထားမှုများ၊ ကုန်ကြမ်းစုဆောင်းထားမှုများ၊ အလုပ်ရုံအလိုက် ထုတ်လုပ်သွားမည့်ပစ္စည်းများ၊ အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားရာတွင် စက်မှုဇုန်များကို ပန်းပဲဖိုအဆင့်မှ ခေတ်မီစက်ကိရိယာများ သုံးစွဲသည့်အဆင့်သို့ ရောက်ရှိအောင် မိမိတို့အနေဖြင့် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများပြုလုပ်၍ အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း။

ရှေးဦးစွာ အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန် စက်မှုဇုန်သုံးဇုန်၌ ပုဂ္ဂလိက ခေတ်မီသံရည်ကျိုစက်ရုံစီမံကိန်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာအောင် အားပေးထူထောင်လျက်ရှိကြောင်း။

အဆင့်အတန်းရှိရှိ

ထို့ကြောင့် တန်းတူရည်တူ ပံ့ပိုးထူထောင်ပေးထားသည့် ခေတ်မီသံရည်ကျို စက်ရုံအချင်းချင်း ယှဉ်ပြိုင်မှုဖြင့် ကုန်ထုတ်လုပ်ငန်းများကို အရည်အသွေး အဆင့်အတန်းရှိရှိ ကြိုးပမ်းလုပ်ကိုင်သွားကြရန် လိုကြောင်း။

အထူးသဖြင့် အင်ဂျင်နီယာပညာရှင်များ၊ ကျွမ်းကျင်သူများ ပြည့်စုံသည့် စက်မှုဇုန်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသွားရန် အရေးကြီးကြောင်း။

နာမည်ကောင်း

မိမိစက်မှုဇုန်က ထုတ်လုပ်သည့်ပစ္စည်းများသည် အရည်အသွေးကောင်းသည့် ပစ္စည်းများဖြစ်သည်ဟု နာမည်ကောင်းရရှိအောင် ကြိုးပမ်းစီစဉ်သွားကြရန် ဖြစ်ကြောင်း။

နောင်၌ အခြားကျန်ရှိသော စက်မှုဇုန်များကိုလည်း ဤကဲ့သို့ ခေတ်မီစက်ကိရိယာအမျိုးအစားများ တပ်ဆင်သွားနိုင်အောင် မိမိတို့ ဆက်လက်ပံ့ပိုးသွားမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မှာကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Machine Shop တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ် အသုံးပြုနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Ware House တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Forging Shop နှင့် Foundry Shop တို့ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နည်းပညာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာသီသီမိုးနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အစိုးရနည်းပညာကောလိပ်(အေးသာယာ) အဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က စဝရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အစိုးရနည်းပညာကောလိပ်(အေးသာယာ)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကိုမှာကြားပြီး အစိုးရနည်းပညာကောလိပ်(အေးသာယာ) အဆောက်အအုံ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စက်ရုံများနှင့် ရေနံမြေများ ကြည့်ရှုစစ်ဆေး



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)စက်ရုံရှိ လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် ဧပြီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၉ ရက်တွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းအောက်ရှိ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)၊ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ အမှတ်(၂) ရေနံချက် စက်ရုံ(ချောက်)နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေရှိတွင်းအမှတ်(၁၁၅၄) တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် မန်းရေနံမြေသို့ ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၀ ရက်တွင် အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)နှင့် မြန်အောင် ရေနံမြေကိုလည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် ပြည်ရေနံမြေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် လုပ်ငန်းဌာနအသီးသီးသို့ ချမှတ်ပေးထားသော စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် ထုတ်လုပ်နိုင်ရန် လိုအပ်သော စက်အရန်ပစ္စည်းများ ဖြည့်တင်းရေးအတွက် လတ်တလော ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စက်ရုံများ စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဘဏ္ဍာငွေနှင့် စက်သုံးဆီများ သုံးစွဲရာတွင် ခွင့်ပြုချက်များ၊ စံနှုန်းများအတိုင်း အပြည့်အဝ သုံးစွဲမှုမျိုးမဟုတ်ဘဲ အမှန်ကုန်ကျမှုကိုသာ စိစစ်ချွေတာသော စေတနာဆောင်၍ စိတ်ထားကောင်းဖြင့် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေး၊ အလေအလွင့်နှင့် မသမာမှုများ မဖြစ်ပေါ်ရေး၊ မီးဘေးလုံခြုံရေး၊ အဖျက်အမှောင့်အန္တရာယ် တားဆီးကာကွယ်ရေးတို့အတွက် စီမံချက်ဖြင့် ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်

ရခိုင်တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ဗုဒ္ဓဘာသာ နေ့ကြီးရက်ကြီးများတွင် ပွဲလမ်းသဘင်များကျင်းပလေ့ရှိပါသည်။ ရခိုင်တိုင်းရင်းသားများကျင်းပလေ့ရှိသော ပွဲလမ်းသဘင်များထဲတွင် ရိုးရာသင်္ကြန်ပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည်ကား တစ်မူထူးခြားပါသည်။ သင်္ကြန်အကြိုနေ့တွင် ရေပက်ကစားခြင်း မပြုကြရပါ။ အထူးသဖြင့် ဘုရားရေသပ္ပာယ် မပြီးမချင်း တစ်ဦးနှင့်တစ်ဦး ရေပက်ကစားခြင်း မပြုကြရပါ။ သင်္ကြန်ပွဲတော်ကျင်းပခြင်းကို နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ရေပက်ကစားပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ကျင်းပပြုလုပ်လေ့ရှိကြပါသည်။

နံ့သာသွေးပွဲ

သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ရန်အတွက် အကြိုနေ့ မတိုင်မီည၌ အမွှေးနံ့သာများသွေးလေ့ရှိကြပါသည်။ ထိုသို့ အမွှေးနံ့သာသွေးရာသို့ ရပ်ရွာထဲရှိ အပျိုကလေးများက လာရောက် နံ့သာသွေးကြသကဲ့သို့ လူပျိုကာလသားများကလည်း အတီးအမှုတ်၊ အကအခုန်များဖြင့် ပျော်ပျော်ပါးပါးလာရောက် နံ့သာသွေးလေ့ရှိကြပါသည်။ ရခိုင်တိုင်းရင်းသားတို့အခေါ်အားဖြင့် **"နံ့သာသွီးမွေး"**ဟု ခေါ်ပါသည်။

လေးဝတီကျော်

ဘုရားရေသပ္ပာယ်ပွဲ

ဘုရားရေသပ္ပာယ်ပွဲကို သင်္ကြန်အကြိုနေ့မှာ ကျင်းပလေ့ရှိကြပါသည်။ ဘုရားရေသပ္ပာယ်ရန် ရပ်ရွာထဲမှ အပျိုရွယ် လုံမငယ်များသည် နံ့သာခွက်ကိုယ်စီ ခေါင်းမှာရွက်၍လည်းကောင်း၊ တချို့က ဆွမ်းအုပ်များ ရွက်၍လည်းကောင်း မိမိတို့ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းသို့ သွားကြရပါသည်။ သင်္ကြန်တေးများသီဆိုလျက် အတီးအမှုတ်အစုံဖြင့် တပျော်တပါး ကခုန်လိုက်ပါလေ့ရှိကြပါသည်။

ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ မိန်းကလေးများက ရေတွင်းရေကန်များမှ ရေများကို ရေအိုးများဖြင့် ဆွဲငင်ခပ်ယူပေးလေ့ရှိကြပြီး လူငယ်ကာလသားများက ကျောင်းကိုရေဆေးကြော သန့်စင်ခြင်း၊ ကျောင်းရှိဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများကို ရေသပ္ပာယ်ခြင်း၊ နံ့သာရေမွှေးဖြင့်ပက်ဖျန်းခြင်းစသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို ပြုလုပ်လေ့ရှိကြပါသည်။ ယင်းနောက် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ရပ်ရွာအတွင်း လှည့်လည်ကာ သက်ကြီးရွယ်အိုများအား ရေချိုးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းစသည့် ကောင်းမှုများပြုလုပ်လေ့ရှိကြပါသည်။ ဘုရားရေသပ္ပာယ်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားနိုင်ကြပါသည်။

ရေပက်ကစားပွဲ

ရခိုင်ရိုးရာ ရေပက်ကစားခြင်းကို ကျင်းပရာမှာ ရခိုင်လှပျိုဖြူကလေးများသည် မိမိတို့ မဏ္ဍပ်တွင်းမှ ထိုင်စောင့်နေကြရပြီး လူငယ်ယောကျာ်းကလေးများက မဏ္ဍပ်တစ်ခုပြီးတစ်ခု လှည့်ပတ်၍ လာရောက်ကစားလေ့ရှိကြပါသည်။ သင်္ကြန်ရေကစားမဏ္ဍပ်များကို ရပ်ရွာ (သို့) ရပ်ကွက်အတွင်းရေပက်ကစားကြမည့် အမျိုးသမီးအရေအတွက်ကိုလိုက်၍ ဆောက်လုပ်လေ့ရှိကြပါသည်။ မဏ္ဍပ်တစ်ခုလျှင် ရခိုင်လုံမငယ် ၂၀ မှ ၅၀ အထိ ပါဝင်လေ့ရှိကြပါသည်။ ရေကစားမဏ္ဍပ်များတွင် ရေထည့်ရန် လောင်းလှေကြီး များကို တင်ထားပြီး လောင်းလှေကြီးများတွင် ရေအပြည့်ဖြည့်ကာ ရေပက်ခံ မိန်းကလေးများက လောင်းလှေကို မျက်နှာမူလျက် မဏ္ဍပ်ကိုကျောပေးကာ ရေခွက်ကိုယ်စီဖြင့် ထိုင်နေကြရပါသည်။ ရေကစားကြမည့် လူငယ်ကာလသားများက ထိုင်နေသည့် မိန်းကလေးများ အနက် မိမိရေပက်ကစားလိုသည့် မိန်းကလေးကိုရွေးချယ်ပြီး ခေါ်ယူရေပက် ကစားနိုင်ပါသည်။ ဤသို့ ခေါ်ယူရာမှာ ထိုင်နေသော မိန်းကလေး၏ ကျောပြင်ကို မိမိတွင် အသင့်ပါလာသော ရေခွက်ထဲမှ ရေဖြင့် အသာအယာပက်ဖျန်းလိုက်ပြီး ရခိုင်ဘာသာဖြင့် **'မရီးရီတစ်ချေပီးပါ'** ညီမ ရေနည်းနည်းပေးပါဟု ယဉ်ကျေးစွာ တောင်းရပါသည်။ နောက်ကျောပေးထားသည့် ရေပက်ခံ မိန်းကလေးကလည်း မိမိအား ခေါ်ယူလိုက်သည်ကို သိရှိလိုက်ပြီး မိမိရှေ့ရှိ လောင်းလှေထဲမှရေကို လက်ထဲမှဖလားဖြင့်ခပ်ယူကာ လုလင်ပျို၏ ရေပုံးထဲသို့ ရေဖြည့်ထည့်ပေးရပါသည်။ ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ကာ ရေပက်ကစားကြရပါသည်။ ဤသို့ ရေပက်ကစားရင်း ရခိုင်တိုင်းရင်းသားတို့သည် ဤအချိန်အခါမှာ အခြားအချိန်များထက် စကား စမြည်ပြောဆိုပြီး ယဉ်ကျေးစွာ ရေပက်ကစားနိုင်ကြပါသည်။

ရိုးရာသင်္ကြန်ပွဲဆင်နွှဲရန်အတွက် ရခိုင်လူငယ်ယောကျာ်းကလေးများသည် အုပ်စုအလိုက် အစုအသင်းဖွဲ့ကာလာ ရောက်လေ့ရှိကြပါသည်။ တချို့မှာ နွားလှည်းဖြင့်၊ တချို့ မှာ မော်တော်ကားဖြင့် အသီးသီးလာရောက်ကြခြင်းဖြစ်ပါသည်။ အဖွဲ့တိုင်းတွင် တီးဝိုင်းများပါလာကာ မဏ္ဍပ် တစ်ခုမှ တစ်ခုသို့အကူးတွင် သီဆိုတီးမှုတ်ကခုန်ကာ သွားကြလေ့ရှိကြသည်။ ရခိုင်လူငယ်တို့ သီဆိုကြသော သင်္ကြန်တေးသီချင်းများမှာ ရိုးရာအစဉ်အလာအရ သီဆိုကြခြင်းဖြစ်ပါသည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာ အလွန်ကောင်းသော၊ စည်းကမ်းသေဝပ်သော ပွဲတော် တစ်ခုဖြစ်ပါသည်။ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်၏ စည်းကမ်းချက်များအနက်မှ သိသင့်သော အချက်တချို့ကို ဖော်ပြရလျှင်–

- **သင်္ကြန်မဏ္ဍပ်တွင် ရေပက်ကစားသော မိန်းမပျိုသည် ရေဖလားကိုယ်စီဖြင့် ရေအပြည့်ဖြည့်ထားသော လောင်းလှေကို မျက်နှာမူပြီး ရေပက်လာသူကို ကျောပေး၍ ထိုင်နေကြရသည်။**
- **မိမိကျောပြင်ကို ရေပက်ဖျန်း၍ ရေတောင်းလာသူ ယောကျာ်းပျိုအား မိမိက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရေပေး၍ အပြန်အလှန်ရေပက်ကစားကြရသည်။**
- **ရေပက်နေသူ ယောကျာ်းပျိုက ရေတောင်းပြီး ဆက်လက်ပက်နေသရွေ့ မိမိကလည်း ဆက်လက်ပက်နေရသည်။ ရေပက်ခြင်းရပ်တန့်၍ အတွင်းသို့ဝင်သွားခြင်း၊ ရေမပေးဘဲ ပြန်ထိုင်နေခြင်း မပြုလုပ်ရပါ။**
- **ရေပက်ရန်လာရောက်ကြသော သင်္ကြန်အသင်းအဖွဲ့များသည် ရေပုံး၊ ရေခွက်များကိုယ်စီ ပါလာကြရပါသည်။ မဏ္ဍပ်မှ ရေပုံး၊ ရေခွက်ငှားရမ်းခြင်း မပြုလုပ်ကြရပါ။**
- **သင်္ကြန်အသင်းအဖွဲ့ အသီးသီးတို့သည် မိမိတို့နှင့်အတူ အန္တရာယ်ဖြစ်စေနိုင်သော လက်နက်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်လာခြင်းမပြုကြရသည့်အပြင် မဏ္ဍပ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာကြရပါသည်။**

ဤသို့အားဖြင့် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာ အလွန်ကောင်းသော၊ စည်းကမ်းသေဝပ်သော၊ ယဉ်ကျေးသိမ်မွေ့သော ပွဲတော်တစ်ခုဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားများသည် မိမိတို့၏ ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အစဉ်အလာ ထိန်းသိမ်း မြှင့်တင်လျက်ရှိနေကြပါသည်။ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် အစဉ်အလာတစ်ရပ်ကို ပြည်ထောင်စု သွေးချင်းသားချင်းများ လေ့လာသိရှိနိုင်ရန် ယဉ်ကျေးမှု ပေါင်းကူးအဖြစ် တင်ပြလိုက်ရပါသည်။ ။

မဟာသင်္ကြန်အကြိုနေ့က သိမ်ဖြူအားကစားကွင်းအတွင်း ကျင်းပသည့် ရခိုင်ရိုးရာသင်္ကြန်ပွဲတွင် ရခိုင်မောင်မယ်များ အပြန်အလှန် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (ကြေးမုံ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်မှု
ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၆၀၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၄-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာသင်္ကြန်
၈:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။ မြန်မာသင်္ကြန်
၄:၅၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Management Science In Decision Making (ဒုတိယနှစ်စီးပွားရေး)
၅:၃၅	၁၀။ မြန်မာသင်္ကြန်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ **ထူးခြားသောကလေးငယ်ကာတွန်းဇာတ်လမ်း (အပိုင်း-၄၀)**
၆:၄၅	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ"(အပိုင်း-၁၁)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့ မြဝတီ
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း-၁၇)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

လက်နက်ကိုင်လမ်းစဉ် အပြီးအပိုင်မစွန့်လွှတ်သရွေ့ ပြည်သူရဲ့ထောက်ခံမှု မရဘူးဆိုတာသိလာ နိုင်ငံတော်အစိုးရက ကျောသားရင်သားမခွဲခြားဘဲ မျှမျှတတဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေ၍ နိုင်ငံတော်အပေါ် သံသယစိတ်ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မျှမပါဘဲ လက်နက်တွေ အပ်နှံခြင်းဖြစ်

ရန်ကုန် ဧပြီ ၁၃

၂၀၀၅ခုနှစ် ဧပြီ ၁၂ရက်တွင်ကျင်းပပြုလုပ်သော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် SSNA တပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားတွင် ဦးကန်နပြောကြားသည့် "ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ရသည့် အကြောင်း"အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အားလုံးမင်္ဂလာပါ–

ယနေ့ကျင်းပတဲ့ ကျွန်တော်တို့ SSNA တပ်မဟာ(၁၁)ရဲ့ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နယ်မြေခံ ပြည်သူလူထုအပေါင်းခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၁) တပ်မဟာမှူး ဦးကန်နဖြစ်ပါတယ်၊ ကျွန်တော်ဟာ နမ့်ခမ်းမှာ မွေးဖွားခဲ့တဲ့ ဒေသခံ ရှမ်းတိုင်းရင်းသားဖြစ်ပါတယ်၊ ၁၉၇၆ခုနှစ်ကစပြီး ကျွန်တော်တို့ အတွေးအခေါ် ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုစွဲကိုင်ပြီး နိုင်ငံတော် အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။

အတိဒုက္ခရောက်

နိုင်ငံတော်အစိုးရကိုဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ကာလတစ်လျှောက် နှစ်ပေါင်း (၂၉)နှစ်ကြာကာလမှ ကျွန်တော်တို့လူမျိုးတွေရဲ့အပေါ်နှိပ်စက်ရာကျခဲ့ရုံသာမကဘဲ ဖွံ့ဖြိုးတိုးတက်မှုလည်း နှောင့်နှေးစေခဲ့ပါတယ်။ ကျွန်တော်ရဲ့ မွေးဖွားရာ ဒီနယ်မြေဟာ တိုက်ပွဲတွေ မကြာခဏဖြစ်ပြီး ပြည်သူတွေထိခိုက်နစ်နာ အတိဒုက္ခ ရောက်ကြရပါတယ်။ လုံးဝအမှောင်ဖုံးလွှမ်းနေတဲ့ အချိန်ကာလကြီးပါပဲခင်ဗျား။

ဒီကနေ့ နိုင်ငံတော်ကကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာလည်း တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှု အနည်းဆုံး အခွင့်အရေးရရှိကြမှာ ဖြစ်တဲ့အတွက် နိုင်ငံတော် အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေအပေါ် ကျွန်တော့်အနေနဲ့ သံသယမရှိအကြွင်းမဲ့ ယုံကြည်လာခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာတော့ ကျွန်တော်တို့အဖွဲ့နဲ့ယုံကြည်မှု၊ နားလည်မှုရရှိလာပြီး နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးခဲ့တဲ့ စေတနာတွေနဲ့ လုပ်ရပ်တွေကို နားလည်သဘောပေါက်ပြီး ကျွန်တော်တို့အဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ပြည်သူလူထုရဲ့အကျိုးကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲ ဆောင်ရွက်ခဲ့ပါတယ်။

ကြောက်လန့်နေ

သို့သော်လည်း ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်းများစွာက ကိုလိုနီအမွေဆိုးဖြစ်တဲ့ သွေးခွဲအုပ်ချုပ်မှု အစဉ်အလာနဲ့ ပဒေသရာဇ်အာဏာနဲ့ အုပ်စိုးမှု အစွဲအလမ်းကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်အပေါ်လည်း အပြည့်အဝ ယုံကြည်မှုမရှိခဲ့ပါဘူး။ ဒါ့ကြောင့် လက်နက်စွဲကိုင်မှုကို မစွန့်လွှတ်ဘဲ အစိုးရနဲ့ ပူးပေါင်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့လုပ်ရပ်နဲ့ပဲရပ်တည်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူတွေဟာ ကျွန်တော်တို့ကို ကြောက်လန့်နေကြတာကြောင့် အမှန်တကယ် လိုလိုလားလား ထောက်ခံကြသလားဆိုတာမသိဘဲ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုကို ရရှိနေတယ်လို့ပဲ အထင်တကြီးနဲ့ နေခဲ့တာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ကြာလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ဆန့်ကျင်တဲ့လမ်းစဉ်ကို ခြွင်းချက်မရှိ အပြီးအပိုင် မစွန့်လွှတ်သေးသရွေ့ ပြည်သူလူထုရဲ့ အမှန်တကယ်ထောက်ခံမှု မရဘူးဆိုတာသိလာရပါတယ်။ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ အကျိုးကို

ရှင်းလင်းပြောကြား

ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်န ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ရသည့် အကြောင်းကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ရမယ့်အစား ပြည်သူတွေထံက အခွန်ကောက်ဆက်ကြေးကို ရယူကောက်ခံပြီး စားသောက်နေသရွေ့ ပြည်သူကို အကျိုးမပြုနိုင်ဘူးဆိုတာကို နားလည်လာပြီဖြစ်ပါတယ်။

ကျောသားရင်သားမခွဲခြား

ကျွန်တော်တို့ဟာ လက်ရှိနိုင်ငံတော်အစိုးရရဲ့ စေတနာကို လက်ခံသော်လည်း ယခင်တုန်းကတော့ သံသယနဲ့သာ လက်ခံခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသအကျိုးလည်း ကောင်းကောင်းမလုပ်ခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံတော်အစိုးရက ကျွန်တော်တို့ရဲ့ သံသယတွေ ဘယ်လိုပဲရှိနေပါစေ၊ ပြည်သူလူထုကို ကျောသားရင်သားမခွဲခြားဘဲ တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်း မျှမျှတတ ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးနေတာကို နေ့စဉ်နဲ့အမျှ တွေ့နေရပါတယ်။

တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးတွေသတ်မှတ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်း၊ ညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာတွေကို တွေ့နေရတဲ့အတွက် ကျွန်တော့်အနေနဲ့ လက်နက်စွဲကိုင်ထားတဲ့ လမ်းစဉ်အပေါ် ပြန်လည်သုံးသပ်နေမိတာကြာပြီဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတော်ကကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာလည်း တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေးရရှိကြမှာဖြစ်တဲ့ အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေအပေါ် ကျွန်တော့်အနေနဲ့ သံသယမရှိ အကြွင်းမဲ့ယုံကြည်လာခဲ့ပြီဖြစ်ပါတယ်။

အပြီးအပိုင်အပ်နှံ

ဒီနယ်မြေရဲ့ တည်ငြိမ်အေးချမ်းမှု၊ ဒီနယ်မြေရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ဟာ ဒီနယ်မြေမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကို မထမ်းဆောင်နိုင်သရွေ့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းနိုင်မှာမဟုတ်တော့ဘူးလို့ ခံစားမိပြီး အခုလို တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့စိတ်ဓာတ်၊ နိုင်ငံတော် အစိုးရအပေါ် သံသယစိတ်တွေကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာတဲ့ လက်နက်တွေကို အပြီးအပိုင် နိုင်ငံတော်အစိုးရကို အပ်နှံခြင်းဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး ကျွန်တော်တို့ဟာ ပြည်သူတွေကြားက ပြည်သူပြည်သားတစ်ဦးအဖြစ်နဲ့ နိုင်ငံတော်ရဲ့မေတ္တာစေတနာခံစားရင်း ဥပဒေဘောင်အတွင်းမှာ နေထိုင်သွားကြဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီနယ်မြေဟာ တစ်ချိန်က တိုက်ပွဲခေါ်သံတွေနဲ့ ပြည်သူတွေသေကြေ ဒဏ်ရာရ စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးပြီး အမှောင်ဖုံးလွှမ်းခဲ့ရာကနေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းဖြင့် လင်းရောင်ခြည်သန်းခဲ့ရာက ယခုလို ကျွန်တော်တို့အနေနဲ့ အပြီးအပိုင် လက်နက်များအပ်နှံလိုက်ခြင်းဖြင့် တိမ်ကင်းစင်တဲ့ လမင်းကြီးရဲ့ အလင်းရောင်လို ရှင်းရှင်းလင်းလင်း ရှိခဲ့ပြီဖြစ်ပါတယ်။

ဒေသခံလူထုအားလုံးကလဲ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ကို ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုကြပါတယ်။ ရှင်းရှင်းလင်းလင်း လမင်းကြီးရဲ့အလင်းရောင်ကို ကျွန်တော်တို့ အားလုံးနဲ့ထပ်တူ ဒီဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုအားလုံး အေးမြတဲ့မေတ္တာကို ရရှိနိုင်ကြတော့မှာဖြစ်ပါတယ်။ နောင်ဘယ်တော့မှလဲ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် လုပ်ရပ်များ မဖြစ်စေရေး တပ်ဖွဲ့ဝင်အားလုံးကိုယ်စား ကတိပြုပြောကြားပါတယ်။

အလုပ်အကျွေးပြု

တစ်ဆက်တည်းမှာပဲထာဝရငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့လိုပဲ တစ်ချိန်က အကြောင်းအမျိုးမျိုး အစွဲအလမ်းအမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ဥပဒေဘောင်အတွင်း ဝင်ထားတဲ့ ညီအစ်ကိုအဖွဲ့အစည်း အားလုံးတွေကိုလဲ ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ်ရောက်ရှိစေဖို့၊ ပြည်သူလူထုအပေါ် စစ်မှန်တဲ့မေတ္တာစေတနာ အပြည့်အဝအားဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေကိုပယ်ဖျောက်ပြီး ငြိမ်းချမ်းရေးနဲ့လက်နက်ကို အပြီးအပိုင်လဲလှယ်ခြင်းအားဖြင့် နိုင်ငံတော်အပေါ်မှာ၊ တိုင်းရင်းသား ပြည်သူလူထုအပေါ်မှာ စောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျေးဇူးအထူးတင်

နိဂုံးချုပ်အနေနဲ့ ယခုလိုကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးကို ခြွင်းချက်မရှိ လက်နက်နှင့် လဲလှယ်ခဲ့တဲ့အပေါ် သဘောထားကြီးစွာဖြင့် စေတနာမှန်ကန်စွာနဲ့ ခွင့်လွှတ်လက်ခံပေးပါသော နိုင်ငံတော်အစိုးရ တပ်မတော်အစိုးရအားလည်းကောင်း၊ တစ်ချိန်က မှားယွင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ လုပ်ရပ်များအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် နွေးနွေးထွေးထွေး ကြိုဆိုလက်ခံကြသော နယ်မြေခံ တိုင်းရင်းသား ပြည်သူလူထုအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သတင်းစဉ်)

ပျော်ရွှင်စွာရေကစား

မဟာသင်္ကြန် အကြိုနေ့က တက္ကသိုလ်ရိပ်သာလမ်းရှိ လိုလီနီ မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (ကြေးမုံ)

နှစ်သစ်မင်္ဂလာ တရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း သာကေတမြို့ (၁၀) ရပ်ကွက်မြောက်ပိုင်း ဇေယျဝဏ်လမ်းမကြီး သာသနာ့နုဂ္ဂဟ ဓမ္မာရုံကြီးတွင် နှစ်သစ်မင်္ဂလာတရားပွဲအဖြစ် ဧပြီ ၁၇ ရက်တွင် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ်)၊ ဧပြီ ၁၈ရက်တွင် ဓမ္မဒူတ–ဘဒ္ဒန္တ ဝိမလ (ဓမ္မဒူတ–တောင်စွန်း)၊ ဧပြီ ၁၉ရက်တွင် အရှင် စန္ဒာသိရီ (အောင်စကြာ–မိုးကုတ် ဝိပဿနာကျောင်း)၊ ဧပြီ ၂၀ ရက်တွင် ဒေါက်တာကောဝိဒ (မဏ္ဍိမဂုဏ်ရည်–မဟာစည်သာသနာ့ရိပ်သာ)၊ ဧပြီ ၂၁ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၂၂ရက်တွင် အရှင် ကေသရာဘိဝံသ (ညောင်ရိပ်သာဆရာတော်)တို့က ည ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

▌ ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁) ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁) ကိုးကန့်အဖွဲ့မှ ဦးကျန်တဲဝမ်နှင့်အဖွဲ့၊ အထူးဒေသ(၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးဇော်ယော်နှင့်အဖွဲ့၊ အထူးဒေသ(၇) ပီအက်စ်အယ်အေအဖွဲ့မှဦးအိုက်မုန်းနှင့်အဖွဲ့၊ ကချင်အထူးဒေသ(၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်း တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနား စတင်ကြောင်း ကြေညာသည်။

ထို့နောက် အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားရာတွင် ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် စယ်အူကျေးရွာ အခြေပြု SSNA တပ်မဟာ(၁၁) ဦးကန်န ဦးဆောင်သောအဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်ထောင်စုတိုင်းရင်းဖွား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမ နှုတ်ခွန်းဆက်အပ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် အခမ်းအနားသည် မိမိတို့ သိန်းနီမြို့နယ်အတွက်သာမက ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်လုံး အတွက် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့တစ်တွေ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိရန်မှာ မဖြစ်မနေလိုအပ်သည့် အချက်ဖြစ်သကဲ့သို့ မိမိတို့ ဘယ်လိုမှခွဲခြား၍ မရနိုင်သည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသား ညီအစ်ကို

ဖွံ့ဖြိုးရေးကိုလည်း လျင်မြန်စွာ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း၊ ဦးကန်နနှင့် အတူတကွ စိတ်တူကိုယ်တူ ညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ် အပ်နှံလာကြသော ဒုတိယ

▌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ (၁၁)မှ တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

▌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် အင်မတန်မှအရေးပါသည့် အခမ်းအနား တစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ သိန်းနီမြို့နယ်အပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအားဖြင့် မရှိမဖြစ်လိုအပ်ချက်သည် နယ်မြေ အေးချမ်းသာယာဖို့နှင့် ဒေသနေပြည်သူများ ဥပဒေဘောင်အတွင်း၌ တည်ငြိမ်အေးချမ်းသာယာစွာဖြင့် နေထိုင်သွားလာ လုပ်ကိုင်စားသောက်နိုင်ရန်ပင်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုများ၏ သွေးစည်းညီညွတ်မှုသည်လည်း ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ရန် အလွန်ပင်လိုအပ်သည့် အချက်ဖြစ်ပါကြောင်း၊ **ယခုကဲ့သို့ အချိန်ကာလမျိုးတွင် SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နနှင့် ညီအစ်ကိုများသည် ပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် မီးရှူးတန်ဆောင်ပမာ ယခုလို ဒေသနေ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီးတော့ ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် ပြည်သူတွေနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်သွားကြရန်အတွက် သံသယစိတ်များနှင့် စွဲကိုင်ထားသည့် လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ် ဆောင်ရွက်လာခြင်းအတွက် နိုင်ငံတော်ကိုယ်စား လည်းကောင်း၊ တိုင်းမှူးတစ်ယောက်အနေဖြင့် လည်းကောင်း အထူးပင် ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း၊ ယခုလို ရဲရဲဝံ့ဝံ့ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို ရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲဧကန် ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ဒေသ**

▌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်သည့်အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် သိန်းနီမြို့နယ်မှ ရှမ်းတိုင်းရင်းသူ နန်းတင်တင်ဝင်းနှင့် နန်းအေးအေးအောင်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

▌ ရှမ်းပြည်နယ် (မြောက်ပိုင်း) စီးပွားရေး လုပ်ငန်းရှင်များက ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကြေးများကို ဂုဏ်ပြုပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေသခံတိုင်းရင်းသားပြည်သူအ...
တိုင်းရင်းသားပြည်သူတစ်ရပ်လုံ...

တပ်မဟာမှူး ဦးအိန္ဒာ၊ တပ်ရင်းမှူး ဦးပွမ်ဝမ်း၊ တပ်ရင်းမှူး ဦးခမ်းမွန်း၊ တပ်ရင်းမှူး ဦးစိုင်းဖုန်းတို့ အပါအဝင် SSNA တပ်မဟာ(၁၁) ညီအစ်ကိုအားလုံးကိုလည်း ညမှောင်မှောင် လရောင်မလင်းတလက်ကြားက လမ်းစပျောက်တော့မည့်ဆဲဆဲ ညီငယ်တွေအပေါ် လမ်းကြောင်းမှန်တစ်ခုတည်းအပေါ် တစုတစည်းတည်း ရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံး လုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် မိုးကောင်းကင်မှာ လပြည့်နေ့ည လဝန်းကြီးနှင့်အတူ ထူးထူးခြားခြား လင်းလက်တောက်ပနေသည့် ဦးဆောင်လမ်းပြ ရုပ်ကြွယ်ပမာ တင်စားဂုဏ်ပြုလိုပါကြောင်း၊ သိန်းနီမြို့နယ်၌နေထိုင်နေကြသည့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အေးမြသည့် လပြည့်ညလဝန်းကြီး၏ မေတ္တာကိုလည်း ဦးကန်နတို့ တပ်ဖွဲ့ဝင်များအားလုံး ချက်ချင်းလက်ငင်း ရရှိခံစားနေကြရပြီ ဖြစ်ကြောင်းကိုလည်း ပြည်သူများနှင့် ထပ်တူရင်တွင်းက စေတနာအမှန်ဖြင့် ပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ဦးကန်နတို့ တပ်မဟာ(၁၁)၏ ထူးခြားလေးနက်စွာ မှန်ကန်သည့် ဆုံးဖြတ်လုပ်ဆောင်ချက်များအပေါ် ဂုဏ်ပြုသောအားဖြင့် မိမိအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ညီအစ်ကိုများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်အပိုင်းကလည်း ဒေသပြည်သူများ၏ လိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်အတွက် စဉ်ဆက်မပြတ် တင်ပြအကောင်အထည်ဖော် တောင်းခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်း၊ နိဂုံးချုပ်အားဖြင့် တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုများအားလုံး အနေနှင့် ဦးကန်နနှင့် တပ်မဟာ(၁၁)တပ်ဖွဲ့ဝင်

▌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ... ဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည်အမျိုး... တပ်မဟာ(၁၁) တပ်ရင်း(၂၇)မှ တပ်ရင်းမှူး... သောလက်နက်ကို အပ်နှံစဉ်။

...ိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် ...သားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲကေန် ဖော်ဆောင်နိုင်မည်ဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁) တပ်ရင်း(၂၇)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်း ၎င်းကိုင်ဆောင်သောလက်နက်ကို အပ်နှံစဉ်။ (သတင်းစဉ်)

လက်နက်များကို ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ အသီးသီး အပ်နှံကြသည်။ SSNA တပ်မဟာ (၁၁)နှင့် လက်အောက်ခံ တပ်ရင်းများက အပ်နှံသော လက်နက်များမှာ ဖ၀မမ စိန်ပြောင်းလေးလက်၊ စက်လတ်မျိုးစုံ ကိုးလက်၊ ဒုံးပစ်လောင်ချာမျိုးစုံ ငါးလက်နှင့် ကျန်လက်နက်ငယ်မျိုးစုံ ၁၁၆လက်၊ လက်နက်ငယ်ကျည်မျိုးစုံ ၉၃၃၂ တောင့်၊ ဗုံးသီးမျိုးစုံ ၁၅၈လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၂၈လုံး၊ မိုင်းမျိုးစုံ ၆၄လုံး၊ TNT ယမ်းတောင့် ၁၄၁ တောင့်၊ ကျည်ကတ်မျိုးစုံ ၁၉၄ခု၊ စက်လတ်ကျည်ခါးပတ်တွဲ ၂၂ ခုနှင့် အိုင်ကွန် စကားပြောစက် ၁၈လုံး တို့ဖြစ်သည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ SSNA တပ်မဟာမှူး ဦးကန်နများ၏ လိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်အတွက် စဉ်ဆက်မပြတ် တင်ပြအကောင်အထည်ဖော်တောင်းခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်း၊ နိဂုံးချုပ်အားဖြင့် တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုများအားလုံး အနေနှင့် ဦးကန်နနှင့် တပ်မဟာ(၁၁)တပ်ဖွဲ့ဝင်များကို နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လိုက်လိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြရင်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ ကြီးမားလှစွာသော မေတ္တာစေတနာကို အလေးအနက်ခံယူကြပြီး နိုင်ငံတော်အကြီးအကဲ၏ မကြာခဏ မိန့်မှာ၊ မိန့်ကြားလမ်းညွှန်ထားရှိသည့် **"ပြည်ထောင်စုကြီးမပြိုကွဲရေး"၊ "တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး"၊ "အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"** တို့အတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၁)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ လက်နက်များကို အပြီးအပိုင် အပ်နှံကြပြီး ငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ကြသည်။

ရှေးဦးစွာ SSNA တပ်မဟာမှူး ဦးကန်နက ၎င်းကိုင်ဆောင်သော လက်နက်ကို ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ အပ်နှံသည်။ ထို့နောက် ဒုတိယတပ်မဟာမှူး ဦးအိန္ဒာနှင့် တပ်ရင်းမှူးဦးပွမ်ဝမ်း၊ တပ်ရင်းမှူးဦးခမ်းမွန်း၊ တပ်ရင်းမှူးဦးစိုင်းဖုန်းတို့ကလည်း ၎င်းတို့ကိုင်ဆောင်သော

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ကြသည့် SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီ၊ဝတ်စုံ၊ကွဲ၊နွားနှင့် ငွေကျပ်သိန်း ၂၀ ဂုဏ်ပြု ထောက်ပံ့ပေးအပ်ရာ SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်န လက်ခံရယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး SSNA တပ်မဟာ(၁၁)မှ ခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ရသည့်အကြောင်းကို ရှင်းလင်း ပြောကြားသည်။

(ဦးကန်န၏ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ရသည့်အကြောင်းရှင်းလင်းချက်ကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် အခမ်းအနား အစီအစဉ်အရ SSNA တပ်မဟာ(၁၁)မှ တပ်ရင်းမှူးဦးပွမ်ဝမ်းက နိုင်ငံတော်နှင့် ပြည်သူလူထုအား ကျေးဇူးတင်စကား ပြောကြားသည်။

(ဦးပွမ်ဝမ်း၏ ကျေးဇူးတင်စကား အပြည့်အစုံကို သီးခြားဖော်ပြထား ပါသည်။)

ထို့နောက် ဒေသခံတိုင်းရင်းသူ ဝန်ထမ်းတစ်ဦးဖြစ်သည့် ဒေါက်တာ ဖြူဖြူက SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များ ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခြင်း အပေါ် ဒေသခံပြည်သူများ၏ သဘောထားနှင့် ဝမ်းသာကြည်နူးမှု ခံစားရချက်ကို ရှင်းလင်းပြောကြားသည်။

(ဒေါက်တာဖြူဖြူ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

SSNA တပ်ဖွဲ့ဝင်များ

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ (၁၁)မှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ယခင်က မှားယွင်းခဲ့တဲ့လုပ်ရပ်တွေကို နောင်ဘယ်တော့မှ ထပ်မံမဖြစ်အောင်နေထိုင်သွားမည် ကျန်ရစ်ခဲ့တဲ့ ရဲဘော်ရဲဘက်များကို ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင်လဲလှယ်ကြဖို့ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၁၃

၂၀၀၅ ခုနှစ် ဧပြီ ၁၂ ရက်တွင် ကျင်းပပြုလုပ်သော ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် SSNA တပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ပြောကြားသည့် SSNA တပ်မဟာ(၁၁) တပ်ရင်း(၂၇)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်းပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဂုဏ်ပြုပွဲအခမ်းအနားကို တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် နိုင်ငံတော်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိကြီးများ၊ ဒေသခံ တိုင်းရင်းသား လူမျိုးများ ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည် အမျိုးသားတပ်မတော် တပ်မဟာ(၁၁)၊ တပ်ရင်း (၂၇)မှ တပ်ရင်းမှူး ပွမ်ဝမ်းပဲ ဖြစ်ပါတယ်၊ကျွန်တော်တို့ခေါင်းဆောင် ဦးကန်နအနေဖြင့်ရော ကျွန်တော်တို့တစ်ဖွဲ့လုံးအနေဖြင့်ရော နိုင်ငံတော်အစိုးရရဲ့ စေတနာနှင့်လုပ်ဆောင်မှုများအပေါ် လေးနက်ခိုင်မာစွာ ယုံကြည်ပြီး ထာဝရငြိမ်းချမ်းရေးအတွက် အပြီးအပိုင် လက်နက်စွန့်လွှတ်ခြင်းဟာ မှန်ကန်တဲ့လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းမှုရရှိမှသာ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှာဖြစ်ပြီး ပြည်သူလူထုဟာလည်း စိတ်အေးချမ်းသာယာစွာနဲ့ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထု စိတ်ပူပန်သောကဖြစ်စေမယ့် အခြေအနေမျိုးကို လုပ်ကိုင်လိုစိတ် မရှိကြတော့ပါဘူး၊ ဒါ့အပြင် နိုင်ငံတော်ရဲ့ စိတ်ရင်းကောင်း၊ စေတနာကောင်းတွေနဲ့ လုပ်ဆောင်ချက်များအပေါ် နားလည်သဘောပေါက် လာခဲ့တာကြောင့်လည်း ဒီကနေ့ လက်နက်များအပြီးအပိုင် အပ်နှံစွန့်လွှတ်ပြီး ငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ရခြင်းဖြစ်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုများခင်ဗျား-

ကျွန်တော်တို့အနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့စဉ်က ယုံကြည်မှုတည်ဆောက်ဆဲ ကာလဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော်တို့တွေဟာ ခေါင်းဆောင် ဦးကန်နနဲ့အတူ တစည်းတလုံးတည်း လက်နက်ကို အပြီးအပိုင်စွန့်လွှတ်မှာဖြစ်လို့ ပြည်သူလူထုအားလုံး တောင့်တနေတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင် ဦးကန်နတင်ပြသွားခဲ့သလို **ဒီလက်နက်တွေ စွဲကိုင်ခြင်းအားဖြင့် ပြည်သူရဲ့အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်တာ မဟုတ်ဘဲ ဒီလက်နက်တွေနဲ့ ပြည်သူကို စိုးရွံ့ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေပြီး ပြည်သူတွေထဲက ကောက်ခံရရှိတဲ့ ဆက်ကြေး၊ အခွန်အခတွေနဲ့ ကျွန်တော်တို့ ရပ်တည်နေကြတာကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဒုက္ခတွေပဲ ဖြစ်စေနေတာကို စာနာနားလည်မိပါတယ်။ ကျွန်တော်တို့ ယခုလို လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံတာကို တိုင်းရင်းသားညီအစ်ကိုတွေ အားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြတာကို တွေ့မြင်ခံစားရတဲ့အတွက် ကျွန်တော့်ဘဝမှာ ထူးကဲတဲ့ စိတ်ချမ်းသာမှုကို ရရှိခံစားမိကြောင်း တင်ပြလိုပါတယ်။**

လိုက်လံဖွဲ့စွာဖိတ်ခေါ်

ကျွန်တော်တို့အားလုံး ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ယခင်က မှားယွင်းခဲ့တဲ့ လုပ်ရပ်တွေကို နောင်ဘယ်တော့မှ ထပ်မံမဖြစ်အောင် နေထိုင်သွားမည့်အကြောင်း ကတိပြုပြောကြားလိုပါတယ်။ ယနေ့အချိန်အခါဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်အတွက် နိုင်ငံသားအားလုံးက လိုလားတောင့်တနေတဲ့ အချိန်အခါဖြစ်ပါတယ်။ ဦးကန်နခေါင်းဆောင်တဲ့ ကျွန်တော်တို့အနေနဲ့ ယခုလို ဦးဦးဖျားဖျား လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်နိုင်ခြင်းအတွက် ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်ရဲဘက်များနဲ့ အခြားသော တိုင်းရင်းသား လက်နက်ကိုင် ညီအစ်ကိုများအားလုံးကို ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ကြဖို့ လှိုက်လှဲစွာ ဖိတ်ခေါ်ရင်းနဲ့ ပြည်သူလူထုရဲ့ ရင်တွင်းခံစားချက် ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

(သတင်းစဉ်)

> **လက်နက်တွေနဲ့ ပြည်သူကို စိုးရွံ့ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေပြီး ပြည်သူတွေထဲက ကောက်ခံရရှိတဲ့ ဆက်ကြေး၊ အခွန်အခတွေနဲ့ ကျွန်တော်တို့ ရပ်တည်နေကြတာကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဒုက္ခတွေပဲ ဖြစ်စေနေတာကို စာနာနားလည်မိပါတယ်။ ကျွန်တော်တို့ ယခုလို လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံတာကို တိုင်းရင်းသားညီအစ်ကိုတွေအားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြတာကို တွေ့မြင်ခံစားရတဲ့အတွက် ကျွန်တော့်ဘဝမှာ ထူးကဲတဲ့ စိတ်ချမ်းသာမှုကို ရရှိခံစားမိ။**

ကျေးဇူးတင်စကားပြောကြား

ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) **တပ်မဟာ (၁၁)တပ်ရင်း (၂၇)မှ တပ်ရင်းမှူး ဦးပွမ်ဝမ်းက ကျေးဇူးတင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

ရေပိုက်လိုင်းသွယ်ယူ

သဃ်န်းကျွန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ သောက်သုံးရေဖူလုံစွာ ရရှိရေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဆေနှင့် အဖွဲ့ဝင်များ ကြီးပွားရေးရပ်ကွက်အတွင်း ကျိုးမြို့-ငမိုးရိပ် ရေပိုက်လိုင်း သွယ်ယူဆောင်ရွက်မှုလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

မြန်မာ့လက်ရွေးစင် ဟော်ကီအားကစားသမားများ လေ့ကျင့်ရန်အတွက် ဦးကျော်ဝင်း(ကျော်စီးတီးဆောက်လုပ်ရေးကုမ္ပဏီ)က အလှူငွေကျပ်တစ်သိန်းနှင့်ဟော်ကီအားကစားတုတ် ငါးချောင်းကို ဧပြီ ၁၁ ရက်က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် (သိမ်ဖြူ ဟော်ကီအားကစားကွင်း)၌ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့် လက်ခံယူစဉ်။

(ဟော်ကီအဖွဲ့ချုပ်)

မိုးအနည်းငယ် ထစ်ချုန်းရွာမည်

ရန်ကုန် ဧပြီ ၁၃

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ် ဘေယန်မြူးနစ်နိုင် ချယ်လ်ဆီးရှုံးသော်လည်း အကြိုဗိုလ်လုပွဲတက်

မြူးနစ် ဧပြီ ၁၂

ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်တွင် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် ဂျာမနီမှ ဘေယန်မြူးနစ်အသင်းနှင့် အင်္ဂလန်မှ ချယ်လ်ဆီးအသင်းတို့ ဒုတိယအကျော့အဖြစ် ဧပြီ ၁၂ ရက်က ယှဉ်ပြိုင်ကစားကြရာ ဘေယန်မြူးနစ်အသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ပွဲပေါင်းဂိုး (၆-၅)ဖြင့် ချယ်လ်ဆီးအသင်း အသာရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

သွင်းယူ

ယနေ့ပွဲတွင် ဇွဲဆော်ဦးဂိုးကို ချယ်လ်ဆီးအသင်းမှ ဖရင့်လမ်းပတ်က မိနစ်၃၀တွင်အကြာတွင် သွင်းယူသည်။

ပထမပိုင်းတွင် ချယ်လ်ဆီးအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းကျမှသာ ဘေယန်မြူးနစ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ဘေယန်မြူးနစ်အသင်းအတွက် ဂိုးများကို ကလောဒီယိုပီဇာယို၊ ဂူရီယိုနှင့် စကောလ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအတွက် ဒုတိယဂိုးကို မိနစ် ၈၀ တွင် ဒရော့ဘာက သွင်းယူခဲ့သည်။

အင်တာနက်။

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဘေယန်မြူးနစ်အသင်းမှ မိုက်ကယ်ဘောလက် ချေပဂိုးရရှိရန် ချယ်လ်ဆီးအသင်းဘက်သို့ ထိုးဖောက်နေစဉ်။

စစ်မှန်သော ဘဝလုံခြုံမှုနဲ့ ငြိမ်းချမ်းမှုများကို ပြည့်ပြည့်ဝဝရရှိခံစားကြရတော့မည် ငြိမ်းချမ်းရေးလမင်းကြီးရဲ့ အလင်းရောင်အောက်မှာ အေးချမ်းပျော်ရွှင်စွာနေထိုင်ကြရမှာဖြစ်

ရန်ကုန် ဧပြီ ၁၃

၂၀၀၅ ခုနှစ် ဧပြီ ၁၂ ရက်တွင် ကျင်းပပြုလုပ်သော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် SSNA တပ်မဟာ(၁၁) ဦးကန်နအဖွဲ့မှ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် ဒေသခံတိုင်းရင်းသူဝန်ထမ်းတစ်ဦး ဖြစ်သူ ဒေါက်တာဖြူဖြူပြောကြားသည့် ဂုဏ်ပြုကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကြွရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမ အပေါင်းတို့ရှင်။

ကျွန်မကတော့ သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ်တာဝန်ထမ်းဆောင်နေတဲ့ ဒေသခံတိုင်းရင်းသူဝန်ထမ်း ဒေါက်တာဖြူဖြူ ဖြစ်ပါတယ်။

ဝမ်းမြောက်ကြည်နူး

အဘိုး၊ အဘွားကစပြီး သိန်းနီမြို့မှာ အစဉ်အဆက်နေထိုင်ခဲ့တဲ့ ဒေသခံရှမ်းတိုင်းရင်းသူတစ်ဦးဖြစ်ပါတယ်၊ ကျွန်မအနေနဲ့ ယခုလို SSNA တပ်မဟာ (၁၁) တပ်မဟာမှူးဦးကန်နမှ ငြိမ်းချမ်းရေးအတွက် ခြွင်းချက်မရှိ လက်နက်စွန့်လွှတ် အပ်နှံတဲ့ အခမ်းအနားမှာ ဒေသခံတိုင်းရင်းသူတစ်ဦးရဲ့ ဘဝတစ်လျှောက်ကြုံတွေ့ခံစားခဲ့ရတဲ့ ရင်ထဲကစကားများကို ရင်ဖွင့်ပြောကြားခွင့် ရရှိတဲ့အတွက် ဝမ်းသာကြည်နူးဂုဏ်ယူမဆုံး ဖြစ်ရပါတယ်။

ရင်ထဲမှာကြိတ်မှိတ်ခံစားရပြီး တိုးတိုးတိတ်တိတ်တောင် မပြောရဲခဲ့တဲ့ ခံစားချက်တွေကို ငြိမ်းချမ်းမှုရဲ့အကျိုးကြောင့် အခုလိုအများပြည်သူရှေ့မှောက်မှာ အားပါးတရပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာမဆုံးဖြစ်ရပါတယ်။

ကျီးလန့်စာစား

ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ်အမွေဆိုးကြောင့် ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ ဒီဒေသမှာ ကျွန်မတို့ မမွေးခင်ကတည်းက စတင်ခဲ့ပြီး ကျွန်မတို့ရဲ့ သက်တမ်း တစ်လျှောက်လုံးမှာ ဆိုးရွားတဲ့ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်၊ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစား နေခဲ့ရတာပါ၊ ဒီလိုခံစားရတဲ့ ဒုက္ခတွေဘယ်တော့မှ ပြီးဆုံးပြီး ငြိမ်းချမ်းပါ့မယ်ဆိုတာ စိတ်ကူးတောင်မယဉ်ရဲခဲ့ပါဘူး။ မလုံခြုံမအေးချမ်းတဲ့ဘဝများနဲ့ ရှင်သန်ရပ်တည်ခဲ့ရပါတယ်။

ဒေသခံတိုင်းရင်းသူဝန်ထမ်းတစ်ဦးဖြစ်သည့် သိန်းနီမြို့ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဖြူဖြူက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

သွားချင်ရာသွားလို့မရ၊ သွားလိုရာမသွားရဲတဲ့ဘဝပါ။ လားရှိုးမြို့ကိုတောင် အခြေအနေအချိန်အခါကြည့်ပြီး သွားခဲ့ရတဲ့ဘဝပါ။

သိန်းနီမြို့ထဲမှာတောင် အထိတ်တလန့် ဖြစ်ရပ်တွေဟာ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်၊ စိုးရိမ်ပူပန်မှုတွေကြောင့် ငြိမ်းချမ်းမှုဆိုတာ ဘာမှန်းတောင်မသိခဲ့ရပါဘူး။

စီးပွားရှာတဲ့ မိဘတွေမှာလည်း လွတ်လွတ်လပ်လပ်မရှိ၊ ပညာရှာရတဲ့ ကျွန်မတို့ဘဝမှာလည်း ပြည့်စုံမှုမရှိခဲ့ပါဘူး။ ဆေးပညာသင်ကြားဖို့ မန္တလေးမြို့မှာ နေရတော့လည်း မိမိကတော့ ငြိမ်းချမ်းလုံခြုံတဲ့ဘဝမှာ နေရပေမယ့် စိတ်ချမ်းသာပျော်ရွှင်မှုဆိုတာ မခံစားရပြန်ပါဘူး၊ မငြိမ်းချမ်းမလုံခြုံတဲ့ဒေသမှာ ကျန်ရစ်ခဲ့တဲ့ မိဘဆွေမျိုးများ အတွက် ပူပင်သောကများနဲ့ စိုးရိမ်ကြောင့်ကြနေခဲ့ရပါတယ်။

မိဘများကလည်း လွတ်လပ်စွာစီးပွားမရှာနိုင်၊ ကျွန်မတို့ ရှမ်းလူမျိုးနဲ့ ရှမ်းပြည်နယ်အတွက်ဆိုပြီး တောထဲမှာ လက်နက်ကိုင်တော်လှန်ရေး လုပ်နေတဲ့ ဆွေမျိုးများကိုလည်း ဆက်ကြေးပေးရနဲ့ ပညာရေးဆုံးခန်းတိုင်ပါ့မလားလို့ စိုးတထိတ်ထိတ်နဲ့သင်ကြားခဲ့ရပါတယ်။

တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်များကို ရယူပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစီရလက်ထက်မှာ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများက မှားယွင်းတဲ့လုပ်ရပ်များကိုစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတော့ ငြိမ်းချမ်းပြီအေးချမ်းပြီဆိုပြီး ဝမ်းသာအားရဖြစ်ခဲ့ရပါတယ်။ နေမင်းကြီးထွက်လာပြီး ငြိမ်းချမ်းရေးရဲ့ အလင်းရောင်အောက်ကို ရောက်ခဲ့ပြီလို့ထင်ခဲ့ကြတာ။ တကယ်တမ်းကျတော့ အမှန်တကယ်ရင်ထဲမှာ မအေးချမ်းသေးပါဘူးရှင်၊ ပြည့်ဝတဲ့ငြိမ်းချမ်းရေးမဟုတ်သေးတာကို ခံစားရပါတယ်။ လက်နက်တွေကိုင်ထားပြီး ဒေသခံတွေပေါ်မှာဆက်ကြေးကောက်၊ အခွန်အကောက်တွေကိုတော့ ကောက်ခံမြဲ ကောက်ခံခဲ့တာကြောင့် ပြည်သူများအနေနဲ့ဝန်ထုပ်ဝန်ပိုးကတော့ လျော့မသွားခဲ့ပါဘူး။

တိုက်ပွဲတွေ၊ ပစ်ခတ်မှုမရှိတော့ပေမယ့် လက်နက်ကိုင်ဆောင်ထားသူတွေကိုတော့ လက်နက်မရှိတဲ့ တိုင်းရင်းသားကျေးရွာများမှာ ကြောက်မြဲကြောက်နေခဲ့ရတာပါပဲ။ သွားလာလှုပ်ရှားမှုမှန်သမျှ တိုးတိုးတိတ်တိတ်အသိပေးသတင်း ပို့နေရတာပါပဲ။

ကဲ့ရဲ့ပြစ်တင်

ကျွန်မတို့ ဒေသခံတိုင်းရင်းသားဝန်ထမ်းများအနေနဲ့ ကိုယ့်လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့၊ ကိုယ့်လူမျိုးကိုယ် အလုပ်အကျွေးပြုဖို့ ဘယ်သူမှမလာချင်ကြတဲ့ ကိုယ့်ဒေသကို ကိုယ်ပဲအနစ်နာခံပြီး ပြန်လာခဲ့တယ်။ ဝါသနာအရင်းခံပြီး ဌာနကပေးအပ်တဲ့ တာဝန်တွေကိုတက်တက်ကြွကြွ စိတ်ပါဝင်စားလုပ်ပြန်တော့ အစိုးရလူဆိုပြီး ကဲ့ရဲ့ပြစ်တင် ခြိမ်းခြောက်တာကိုခံရပါတယ်။

လက်နက်ကိုင်ဆန့်ကျင်သူများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့နောက်ပိုင်းမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အတူလက်တွဲလုပ်ကြလို့ လမ်းတံတားတွေ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေးတွေ အသင့်အတင့်တိုးတက်လာခဲ့ပေမယ့် ငြိမ်းချမ်းသောဘဝလုံခြုံမှုကတော့ ရောင်နီသမ်းရုံမျှသာ ရှိခဲ့ပါတယ်။

ဒီကနေ့ ဦးကန်န ဦးဆောင်တဲ့ SSNAတပ်မဟာ (၁၁)ဟာ နိုင်ငံတော်ရဲ့ စေတနာအမှန်ကို နားလည်သဘောပေါက်ပြီး ဒေသခံပြည်သူတွေရဲ့အကျိုးကို အမှန်တကယ်မျှော်ကိုးကာ မိမိတို့ကိုင်ဆောင်လာခဲ့တဲ့ လက်နက်တွေကို ထာဝရ ခြွင်းချက်မရှိ စွန့်လွှတ်ပြီး တိုင်းရင်းသားပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့တဲ့ အခွန်အကောက်တွေ ကောက်ခံခြင်းမပြုတော့ဘဲ ပြည်သူ ပြည်သားများအဖြစ် အေးအတူပူအမျှ ပြည်သူပြည်သားနှင့် တစ်သားတည်း နေထိုင်သွားတော့မယ်လို့သိရတဲ့အတွက် ကျွန်မတို့ ဒေသခံရှမ်းတိုင်းရင်းသားများအဖို့ ဘဝမှာ ဘယ်တုန်းကမှ မစဉ်းစားမမျှော်မှန်းခဲ့တဲ့ ဆုလာဘ်ကြီးရရှိသလို ခံစားကြရပါတယ်။

ငြိမ်းချမ်းရေးလမင်း

စစ်မှန်သောဘဝလုံခြုံမှုနဲ့ ငြိမ်းချမ်းမှုများကို ပြည့်ပြည့်ဝဝ ရရှိခံစားကြရတော့မှာဖြစ်ပါတယ်။ တိမ်ကင်းစင်တဲ့ ငြိမ်းချမ်းရေးလမင်းကြီးရဲ့အလင်းရောင်အောက်မှာ ကျွန်မတို့တစ်တွေ အေးချမ်းပျော်ရွှင်တဲ့ဘဝ နေထိုင်သွားကြရတော့မှာဖြစ်ပါတယ်။

စစ်မှန်သောငြိမ်းချမ်းရေးရရှိပြီးဖြစ်လို့ အဟန့်အတားအနှောင့်အယှက်များမရှိတော့ဘဲ စည်းလုံးညီညွတ်မှုများနဲ့အတူ ကျွန်မတို့ဒေသဟာ နေ့ချင်းညချင်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။

ကျွန်မတို့အတွက်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ လူ့ဘောင်ဘဝကို ဖန်တီးနိုင်ဖို့ ရဲဝံ့စွာ အမှန်တရားရယူလက်ခံကာ လက်နက်များကို စွန့်လွှတ်ခဲ့တဲ့ ဦးကန်နဦးစီးသော SSNA တပ်မဟာ(၁၁)တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ သဘောထားကြီးမားစွာဖြင့် အမှန်တရားကို ရဲရဲဝံ့ဝံ့လုပ်ကိုင်ပြီး ကျွန်မတို့ပြည်သူပြည်သားတွေနဲ့ တစ်သားတည်းနေထိုင်သွားမယ့် SSNA တပ်မဟာ(၁၁)အား လိုအပ်သည်များကူညီထောက်ပံ့ပေးပြီး နွေးထွေးစွာကြိုဆိုပေးသောနိုင်ငံတော်အစိုးရနှင့် ပြည်သူများအားလည်းကောင်း ဒေသခံတိုင်းရင်းသားများ၏ ကိုယ်စားအထူးပင် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

(သတင်းစဉ်)

ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ်အမွေဆိုးကြောင့် ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ ဒီဒေသမှာ ကျွန်မတို့မမွေးခင်ကတည်းက စတင်ခဲ့ပြီး ကျွန်မတို့ရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဆိုးရွားတဲ့ဒုက္ခပေါင်းစုံနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်၊ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစား နေခဲ့ရတာပါ၊ ဒီလိုခံစားရတဲ့ ဒုက္ခတွေ ဘယ်တော့မှ ပြီးဆုံးပြီး ငြိမ်းချမ်းပါ့မယ်ဆိုတာ စိတ်ကူးတောင်မယဉ်ရဲခဲ့ပါဘူး၊ မလုံခြုံ မအေးချမ်းတဲ့ဘဝများနဲ့ ရှင်သန်ရပ်တည်ခဲ့ရပါတယ်၊

● စာမျက်နှာ ၉ မှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁)မှ ခေါင်းဆောင်များအား ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းခြင်း ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက SSNA တပ်မဟာ(၁၁) ဒုတိယတပ်မဟာမှူး ဦးအိန္ဒာနှင့် တပ်ရင်းမှူးများ ဖြစ်ကြသော ဦးပွမ်ဝမ်း၊ ဦးခမ်းမွန်နှင့် ဦးစိုင်းဖုန်းတို့အားလည်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းခြင်းများ အသီးသီးပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ကြသည့် SSNA တပ်မဟာ(၁၁) တပ်ဖွဲ့ဝင်များ အတွက် ဆန်အိတ် ၁၆၀၊ဆီပိဿာ ၆၀၊ ဝတ်စုံ ၂၅၀၊ ကွဲ၊ နွားအကောင် ၂၀နှင့် ငွေကျပ်သိန်း၂၀ တို့ကို ဂုဏ်ပြုထောက်ပံ့ပေးအပ်ရာ SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နက လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် SSNA တပ်မဟာ (၁၁)တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကြေးများ ဂုဏ်ပြု ပေးအပ်လှူဒါန်းကြသည်။ ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်မှ ဒေါ်စန္ဒာဝင်းက ငွေကျပ်သိန်း ၅၀ ကို ဂုဏ်ပြုပေးအပ်လှူဒါန်းရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် SSNAတပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နတို့က လက်ခံရယူသည်။ အလားတူပင် အေးရှားဝေါကုမ္ပဏီလီမိတက်မှဦးတင်ကိုကိုကငွေကျပ်သိန်း ၃၀၊ ငွေစင်ကုမ္ပဏီမှ ဦးခင်မောင်စိုးက ငွေကျပ်သိန်း ၃၀၊ ကျားခေါင်းကုမ္ပဏီမှ ဦးကျော်မြင့်က ငွေကျပ်သိန်း ၂၀၊ အေသုံးလုံးကုမ္ပဏီမှ ဦးစောလှိုင်က ငွေကျပ်သိန်း ၂၀၊ စိုစိုပြည်ပြည် ကုမ္ပဏီမှ ဦးစိုင်းအေးက ငွေကျပ်သိန်း ၂၀၊ ငွေရည်ပုလဲကုမ္ပဏီမှ ဦးမြင့်ရှိန်က ငွေကျပ်သိန်း ၂၀၊ လားရှိုးမြို့ပေါ်စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စား ဦးရိစိန်က ငွေကျပ် ၁၀သိန်း၊ ပတ္တမြားဥယျာဉ် ကုမ္ပဏီမှ ဦးဆန်းဝင်းက ငွေကျပ် ၁၀သိန်း၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့မှ ဦးခွန်လှိုင်က ငွေကျပ် ၁၀သိန်းတို့ကို ဂုဏ်ပြုပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် SSNA တပ်မဟာမှူး ဦးကန်နတို့က လက်ခံရယူကြသည်။ ဂုဏ်ပြုလှူဒါန်းငွေ စုစုပေါင်းမှာငွေကျပ်သိန်းပေါင်း ၂၂၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နံနက် ၉နာရီ မိနစ် ၄၀ တွင် SSNA တပ်မဟာ(၁၁)၏ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများအဖွဲ့သည် SSNA တပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ရာတွင် အပ်နှံခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့သည် စယ်အူကျေးရွာ အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူများနှင့် SSNA တပ်မဟာ (၁၁) တပ်ဖွဲ့ဝင်များ၏ သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်နေသော ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရေးအတွက် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် SSNAတပ်မဟာ (၁၁)မှ တပ်ဖွဲ့ဝင်များ၊ အခြားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ခေါင်းဆောင်များအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ
မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြား

ရန်ကုန် ဧပြီ ၁၃

၁၃၆၆ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့တော် ခန်းမရှေ့ရှိ မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ရှေ့မျက်နှာစာ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းမဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌတွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနမှူးများ၊ အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေကြသောနယ်စပ်ဒေသများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ပါဝင်ဆင်နွှဲကြမည့် တေးဂီတအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးကြသည်။

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၁၃၆၆ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ဖွင့်ပွဲအခမ်းအနား မစတင်မီ ရှေးဦးစွာ ယိမ်းအဖွဲ့ဝင်များ၊ လမ်းကြောင်းထိန်းသိမ်းရှင်းလင်းရေး အဖွဲ့ဝင်များ၊ ကြိုဆိုနေရာချထားရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ရှေ့ မျက်နှာစာရှိ သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ ကျင်းပသည့် အခမ်းအနားသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌အတူစုပေါင်းနေထိုင်ကြသည့်သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ တစ်နှစ်တစ်ခါ ဆုံတွေ့ကြပြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကြီးဖြစ်သဖြင့် ယခုအချိန်သည် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသည့် အချိန်အခါသမယပင်ဖြစ်ကြောင်း။

ဤပွဲတော်ကြီးသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်မှ မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်လည်းဖြစ်သည့်အပြင် တစ်ဆယ့်နှစ်လရာသီပွဲတော်များအနက်မှ အလွန်လေးနက်ထူးခြားလှသည့် အမျိုးသားရေးအနှစ်သာရများနှင့် ကျင်းပသည့် မြန်မာတစ်မျိုးသားလုံး၏ ပွဲတော်ကြီးလည်းဖြစ်ကြောင်း။

ဆေးကြောသင်ပုန်းချေ

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ဆောင်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်သည် နှစ်ဟောင်း၌ မတော်တဆပြုမိခဲ့ကြသည့် အမှားအယွင်းများ၊ အာဃာတများ၊ မကောင်းမှုများကို ကြည်လင်အေးမြသည့်သီတာရေစင်ဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောသင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကိုတစ်ဦးက ခွင့်လွှတ်ကြသည့် အလွန်ချစ်စဖွယ် ကောင်းသည့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ကြောင်း။

ဤတွင်မက မိမိထက် အသက်အရွယ်ကြီးမားသည့် ဂါရဝပြုပူဇော်ထိုက်သည့် သက်ကြီးရွယ်အို အဘိုးအဘွား၊ အနန္တဂိုဏ်းဝင် မိဘ၊ ဆရာသမားများကို ပူဇော်ကန်တော့ကြခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများလှီးဖြတ်ပေးခြင်း၊အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသန့်စင် ဒါနပြုခြင်း၊ တိရစ္ဆာန်များကို ကြင်နာသနားစွာ ဘေးမဲ့လွှတ်ခြင်း၊ဘုရားပုထိုးစေတီတန်ဆောင်းကျောင်းကန်များသို့ သွားရောက်ကာဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ သံဃာတော် အရှင်သူမြတ်များက ရပ်ကွက်များ၊ လမ်းများအလိုက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်သွန်းချ အမျှပေးဝေကြခြင်း စသည့် နှစ်လိုဖွယ်ရာ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြသည့် ပွဲတော်ကြီးဖြစ်ကြောင်း။

ယင်းသို့ အလွန်ယဉ်ကျေးသိမ်မွေ့လှသည် မဟာသင်္ကြန်ပွဲတော်မျိုးသည် ကမ္ဘာပေါ်တွင် မိမိတို့နိုင်ငံ တစ်နိုင်ငံတည်းသာရှိသည်ဟု ဆိုနိုင်ကြောင်း၊ ယင်းသို့ အစဉ်အလာကောင်းများဖြင့် နှစ်စဉ်ကျင်းပခဲ့ကြသည့်အတွက် နိုင်ငံရပ်ခြားတိုင်းတစ်ပါးက လူမျိုးဘာသာမရွေး လေးစားစွာ ပါဝင်ဆင်နွှဲခဲ့ကြသည့် ပွဲတော်ကြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် ကောင်းမြတ်သည့် အစဉ်အလာများကို ခေတ်အဆက်ဆက် ကာကွယ်ထိန်းသိမ်းခဲ့ကြသကဲ့သို့ မိမိတို့တစ်တွေကလည်း အစဉ်အလာ မပျက် ဆက်လက်ထိန်းသိမ်းသွားကြရမည့် တာဝန်များရှိလာကြောင်း၊ ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်ကြီးကို အစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာ ဆက်လက်ထိန်းသိမ်းကျင်းပနိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ကလည်း ကြိုးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း။

ထိန်းသိမ်းလိုက်နာ

ထို့ကြောင့် တိုင်းတစ်ပါးသားများ၏ လေးစားခြင်းကို ခံကြရအောင် မိမိတို့ မြန်မာတိုင်းရင်းသားအပေါင်းက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြန်မာ့အမျိုးသားရေးစိတ်ဓာတ်ပေါ်လွင်နိုင်ရေး အတွက် ထိန်းသိမ်းလိုက်နာပါဝင်ဆင်နွှဲကြရန် အထူးလိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုနှစ်အတာသဘင်တွင် "ရန်ကုန် ပူရှံမနေ့ရရှံ ဟောန္တု" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး နှစ်သစ်တွင် ခွန်အားသစ်များဖြင့် အမိနိုင်ငံတော်နှင့် မြန်မာလူမျိုးများ၏ဂုဏ်သိက္ခာအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြရန် အလေးအနက် တိုက်တွန်း မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ပြောကြားသွားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၁၃၆၆ ခုနှစ် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များက "မန်းတောင်ရိပ်ခို" သီချင်းကို သံပြိုင်သီဆိုကြပြီး ကကြိုးကကွက်စုံညီစွာ ကပြဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များက ကပြဖျော်ဖြေတင်ဆက်ကြသည်။

ညပိုင်းတွင် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ဝင်များနှင့် အိုးစည်အဖွဲ့များက ပါဝင်ယှဉ်ပြိုင်၍ ပြည်သူများအား ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအပြီးတွင် ယိမ်းအဖွဲ့များ မြနန္ဒာတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့တော် မဟာသင်္ကြန်အကြိုနေ့ ယဉ်ကျေးသိမ်မွေ့စွာ ရေသဘင်ပွဲဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

ယနေ့သည် ကောဇာသက္ကရာဇ် ၁၃၆၆ခုနှစ် ကုန်ဆုံးတော့မည့် မဟာသင်္ကြန်ပွဲတော်၏ သင်္ကြန်အကြိုနေ့ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ နှစ်ဟောင်း၏ မကောင်းပါပ အညစ်အကြေးတို့ကို အေးချမ်းသန့်စင်သော မေတ္တာရေစင်ကိုယ်စားပြုသည့် သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်စေသော အနှစ်သာရဖြင့် နှစ်စဉ် ကျင်းပနေခြင်းဖြစ်သည်။

မဟာသင်္ကြန်ကာလတွင် တစ်ဦးနှင့် တစ်ဦးအေးမြသန့်စင်သော သင်္ကြန်ရေဖြင့် အပြန်အလှန် သွန်းလောင်းခြင်း၊ ကောင်းမြတ်သော မင်္ဂလာတို့ဖြင့် ပြည့်စုံစေရန် အောင်သပြေခက်ဖြင့် နံ့သာရည် ပက်ဖျန်းခြင်းတို့ဖြင့် သင်္ကြန်ပွဲကို ဆင်နွှဲကြသည်။ ဤကဲ့သို့ အနှစ်သာရပြည့်ဝသော မဟာသင်္ကြန်

ဖျော်ဖြေတင်ဆက်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအပြီးတွင် ယိမ်းအဖွဲ့များက မြန်နန္ဒာတေးသီချင်းဖြင့်ဖျော်ဖြေတင်ဆက်စဉ်။
(ကြေးမုံ)

ကာလတွင် ပြည်သူအများ စိတ်ချမ်းမြေ့စွာ သင်္ကြန်ပွဲတော် နွှဲပျော်ကြစေရန် ရန်ကုန်မြို့တော်တစ်ဝန်းလုံးတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးတို့၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရေး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ၊ မပြုလုပ်ရေး၊ အချင်းချင်း ဒဏ်ရာ အနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့်ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရေးတို့အတွက် ရန်ကုန်တိုင်း မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများအား တိုက်တွန်းနှိုးဆော်ထားသည်။

ထို့အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာ သရုပ်ပျက် ယဉ်ကျေးမှုကိုရှောင်ကြဉ်ပါ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါဟူသော တိုက်တွန်းနှိုးဆော်ချက်များထုတ်ပြန်၍ ကြီးကြပ်ကွပ်ကဲ ထိန်းသိမ်းပေးလျက်ရှိသည်။

ထို့ကြောင့် ယနေ့(သင်္ကြန်အကြိုနေ့)တွင် ရန်ကုန်မြို့တော် အနှံ့အပြားရှိ မြို့နယ်အသီးသီးတို့တွင် ယနေ့ညနေပိုင်းမှစတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။ ထိုသို့ဆင်နွှဲကြရာတွင် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ရေကစားကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်၌ ၁၃ခု၊ တောင်ဥက္ကလာပမြို့နယ်၌ ကိုးခု၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ သုံးခု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ တစ်ခု၊ (မြောက်ပိုင်း)မြို့နယ်၌ သုံးခု၊ အရှေ့ပိုင်းမြို့နယ်၌ ခြောက်ခု၊ ဒေါပုံမြို့နယ်၌ နှစ်ခု၊ ပုဇွန်တောင်မြို့နယ်၌ ၁၄ခု၊ ဗိုလ်တထောင်မြို့နယ်၌ ငါးခု၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၁၄ခု၊ မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၊ ရန်ကင်းမြို့နယ်၌ ၁၅ခု၊ သာကေတမြို့နယ်၌ ခြောက်ခုနှင့် သင်္ဃန်းကျွန်းမြို့နယ်၌ ငါးခု စုစုပေါင်း ရေကစားမဏ္ဍပ် ၁၁၆ခု ရှိသည်။

မဟာသင်္ကြန်အကြိုနေ့က လမ်းမတော်မြို့နယ် (၅)လမ်းထိပ်ရှိ ထွန်းရွှေဝါ မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲတွင် အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ဦးထွန်းရွှေတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်၌ ရွှေဘုန်းပွင့်စေတီတော်တွင် ဂေါပကအဖွဲ့က ကြီးမှူး၍ မဟာသင်္ကြန်ကာလအတွင်း ကုသိုလ်ပြုပွဲများအဖြစ် နံနက်ပိုင်းတွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နံနက် ၉နာရီတွင် စေတီတော်ဓမ္မာရုံသစ်ကြီး၌ ပင့်သံဃာတော်များက ဥပုသ်သီလ ချီးမြှင့်ခြင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မများ ဟောကြားချီးမြှင့်ခြင်းတို့ ကျင်းပကြသည်။

ဗိုလ်တထောင်မြို့နယ်ရှိဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် ဂေါပကအဖွဲ့၏ ကြီးကြပ်မှု၊ ဘာသာရေးအသင်းအဖွဲ့များ၏ စီစဉ်မှုဖြင့် တစ်ဦးချင်း ကုသိုလ်ပြုသူများ၏ ကုသိုလ်ကောင်းမှုတို့ဖြင့် မြတ်စွာဘုရားအားရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးလှူဒါန်းမှုများ နံနက်ပိုင်းမှ ညပိုင်းအထိ စည်ကားများပြားလျက်ရှိသည်။ ထို့အတူ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံ၌ မေတ္တာဗျူဟာအဖွဲ့က သင်္ကြန်အကြိုနေ့ နံနက် ၅နာရီမှ မြန်မာနှစ်ဆန်း တစ်ရက်နေ့ ညနေ ၅နာရီအထိ နာရီပေါင်း ၁၀၈နာရီကြာ အသံမစဲစုပေါင်းမေတ္တာပွားများပွဲကို ယခုနှစ်တွင် (၁၈)ကြိမ်မြောက် အဖြစ် ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီး၍ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော် RAY BAN မိသားစုတို့၏ ပိတောက်ရွှေရည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် သိမ်ဖြူလမ်းရှိ အဆိုပါ ရေကစားမဏ္ဍပ်၌ကျင်းပရာ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် အထူးဖိတ်ကြားထားသူများ၊ RAY BAN မိသားစုများနှင့် သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြပြီး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများက ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် RAY BAN မိသားစုများက သင်္ကြန်ချစ်သူပြည်သူများအား အတာရေပက်ဖျန်းကြပြီး မြန်မာ့ရိုးရာ အဆို၊ အကများဖြင့် သီဆိုကပြဖျော်ဖြေကြကာ မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ စတုဒိသာ လှူဒါန်းကြသည်။ အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းရှိသာယာမောင်မယ်မိသားစု ရေကစားမဏ္ဍပ်ကို ညနေ ၃နာရီခွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရပ်ကွက်နေပြည်သူများ၊ KSS မိသားစုများက အတာရေများပက်ဖျန်းကစားကြသည်။

ဧပြီ ၁၃ ရက်က (မဟာသင်္ကြန်အကြိုနေ့)တွင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်လမ်းရှိ မြကန်သာ(၁)လမ်းထိပ် ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအပြီးတွင် ယိမ်းအဖွဲ့များက မြန်နန္ဒာတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။
(ကြေးမုံ)

ထို့အတူ ရန်ကုန်အနောက်ပိုင်းခရိုင်၌ ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာတွင် ကမာရွတ်မြို့နယ် ပြည်လမ်းတွင် ယမ်ယမ်ရှင်းရှင်း ဖျော်ဖြေရေးမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ် ၈ခု၊ ကျောက်တံတားမြို့နယ်၌ ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်ကြီး အပါအဝင်ရေကစားမဏ္ဍပ်လေးခု၊ စမ်းချောင်းမြို့နယ်၌ ရေကစားမဏ္ဍပ် ၁၆ခု၊ ဒဂုံမြို့နယ်၌ ရေကစားမဏ္ဍပ် ငါးခု၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ဗိုလ်ချုပ်ဈေးမိသားစု၏ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ်ငါးခု၊ ဗဟန်းမြို့နယ်၌ ရေကစားမဏ္ဍပ် ၄၀၊ မရမ်းကုန်းမြို့နယ်၌ ရေကစားမဏ္ဍပ် ၁၈ခု၊ လသာမြို့နယ်၌ ရေကစားမဏ္ဍပ် သုံးခု၊ လမ်းမတော်မြို့နယ်၌ ရေကစားမဏ္ဍပ် ၁၁ခု၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး၌ နန်းထိုက်တော်ဝင်မိသားစု၏ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ် ၁၃ခုနှင့် အလုံမြို့နယ်၌ ရေကစားမဏ္ဍပ် နှစ်ခု၊ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❁

မဟာသင်္ကြန်အကြိုနေ့တွင် သိမ်ဖြူလမ်းရှိ Ray Ban မိသားစု ရေကစားမဏ္ဍပ်တွင် ယိမ်းအဖွဲ့များက အကများဖြင့် ဖျော်ဖြေကြစဉ်။ (ကြေးမုံ)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့်အခမ်းအနား ကျင်းပ ဒေသခံပြည်သူ ၃၀၀၀ကျော် အင်တိုက်အားတိုက်တက်ရောက်

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တာဝန်ရှိသူများ၊ SSNAတပ်မဟာ(၁၁)အဖွဲ့မှ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ရာတွင် အပ်နှံခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

လမ်းပြရှုခင်းပြကွက်ပမာ

ညမှောင်မှောင် လရောင် မလင်းတလက်ကြားက လမ်းစ ပျောက်တော့မည့်ဆဲဆဲ ညီငယ် တွေအပေါ် လမ်းကြောင်းမှန် တစ်ခုတည်းအပေါ် တစုတစည်း တည်းရောက်ရှိလာအောင်ညီညီ ညွတ်ညွတ် စည်းရုံး လုပ်ဆောင် ပေးနိုင်ခဲ့ကြသည့်အတွက် မိုး ကောင်းကင်မှာ လပြည့်နေ့ည လဝန်းကြီးနှင့်အတူ ထူးထူးခြား ခြား လင်းလက်တောက်ပနေ သည့် ဦးဆောင်လမ်းပြ ရှုခင်း ကြယ်ပမာ တင်စားဂုဏ်ပြုလို။

ရန်ကုန် ဧပြီ ၁၃

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် စယ်အူကျေးရွာ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး သိန္နီမြို့နယ်မှ ရှမ်းတိုင်းရင်းသူ နန်းတင်တင်ဝင်းနှင့် နန်းအေးအေးအောင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူ အင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။ ထို့ပြင် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ (၁၁) လက်အောက်ခံတပ်ရင်း အမှတ်(၁၉) တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ်(၂၅) တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ်(၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်းအပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၁၇၆ ဦးတို့လည်း တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသား တပ်မတော် (SSNA)ဦးကန်နဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားတွင် SSNA တပ်မဟာ (၁၁)နှင့် လက်အောက်ခံ တပ်ရင်းများက အပ်နှံသော လက်နက်ကြီး လက်နက်ငယ်များ၊ လက်နက်ငယ်ကျည်များ၊ ဗုံးသီးများ၊ လက်ပစ်ဗုံး များ၊ မိုင်းများ၊ TNT ယမ်းတောင့်များ၊ ကျည်ကတ်များနှင့် အိုင်ကွန် စကားပြောစက်များကို တွေ့ရစဉ်။ (သတင်းစဉ်)